စိတ်ကူးချိုချိုအနုပညာ
mgyoe.com



# မောင်ဝဏ္ဏ

## အဂ္ဂကောင်းကင်ဘုံ တရားရုံးချုပ် နှင့် မဟူရာမာရ် (ခေါ်) ဆေတန်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com





မောင်ဝဏ္ဏ

အဂ္ဂကောင်းကင်ဘုံ တရားရုံးချုပ် နှင့် မဟူရာမာဂ် (ခေါ်) ဆေတန်

ဒုတိယအကြိမ်

ISBN 9789997111364
MWN1
9 789997 111364
2,000.00KS

mgyoe.com

အဂ္ဂကောင်းကင်ဘုံ တရားရုံးချုပ်နှင့် မဟာရာဇာဂုရ်(ခေါ်)ဆေတန်၊ မောင်ဝဏ္ဏ
မျက်နှာဖုံးသန်းချို - ထွန်းဝင်းအောင်
စာမျက်နှာ ၁၆၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀ •၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မရိုးရှိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂ စိတ်ကူးချိုချိုထုတ် ပထမအကြိမ်။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



# အင်္ဂကောင်းကင်ဘုံ
# တရားရုံးချုပ်နှင့်
# မဟူရာမာရ်(ခေါ်)ဆေတန်

## မောင်ဝဏ္ဏ

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



ဒီ ဝတ္ထုကို....
လူတစ်ရာမှာ ဆယ်ယောက်လောက်သာ
နားလည်နိုင်လိမ့်မယ်။
လူဆယ်ယောက်မှာ တစ်ယောက်လောက်သာ
ကြိုက်နှစ်သက်နိုင်လိမ့်မယ်။
အဲဒီ တစ်ယောက်ဟာလည်း
လူတစ်ရာနဲ့ ညီမျှပေလိမ့်မယ်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## မောင်ဝဏ္ဏ

အဖ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဦးသာဓု နှင့် အမိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညို တို့မှ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၉ ရက် (၁၃၀၇ ခု၊ ပြာသိုလ) တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။

စိန့်ပေါလ်အထက်တန်းကျောင်းတွင် တန်းမြင့်ကျောင်းထွက် အောင်သည်အထိ ပညာသင်ကြားခဲ့သည်။ တက္ကသိုလ်ဝင်တန်းကို ပြင်ပမှ အလွတ်ဖြေဆိုသည်။ ၁၉၇၀ တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ(ဒဿနိကဗေဒ) ဘွဲ့ရသည်။

ငယ်စဉ်ကပင် ဖခင်ဖြစ်သူ၏ ရုပ်ရှင်ရိုက်ကူးရေးတွင် ပါဝင်ကူညီရင်းဖြင့် ရုပ်ရှင်ပညာကို လေ့လာသည်။ တစ်ဆင့်တက်၍ ရုပ်ရှင်အသံဖမ်း အင်ဂျင်နီယာအဖြစ် တာဝန်ယူသည်။ ဖလင်တည်းဖြတ်ပညာသင်သည်။ ၁၉၆၉ တွင် **သိုင်းသမား** ရုပ်ရှင်ဇာတ်ညွှန်း ရေးသည်။ ၁၉၇၁ တွင် ဒါရိုက်တာအဖြစ် စတင်ရိုက်ကူးခဲ့သည့် **ကတ္တီပါ**

mgyoe.com

mgyoe.com
**ဖိနပ်စီး ရွှေထီးဆောင်း** ရုပ်ရှင်ကားဖြင့် ရုပ်ရှင်ထူးချွန်ဆု (ဒါရိုက်တာ)ဆု ရသည်။ ထို့ နောက် **ခြေဖဝါးတော်နုနု၊ ဓာခန်းဆီးနောက်ကွယ်မှာ၊ နှောင်းတမြေ့မြေ့၊ ပန်းတွေနဲ့ဝေ၊ ချစ်တဲ့သူငယ်လေ၊ ရင်ထဲကဆောင်းရာသီ၊ ဓာတ်ခဲ** စသည့် ထင်ရှားအောင်မြင်သော ဓာတ်ကားများ အပါအဝင် ရုပ်ရှင်ကား ၂၆ ကားနှင့် ဗီဒီယိုဓာတ်ကားအချို့ကို ရိုက်ကူးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် **ခုနစ်စဉ်အလွမ်း** ရုပ်ရှင်ကားဖြင့် ရုပ်ရှင်ထူးချွန် (ဒါရိုက်တာ)ဆုကို ဒုတိယအကြိမ် ရရှိသည်။

၁၉၆၈ တွင် အတွေးအခေါ်မဂ္ဂဇင်း၌ **ကားလမ်းဘေးက ဆိုင်းဘုတ်ကလေး** ကဗျာနှင့် ၁၉၇၂ တွင် ရှုမဝမဂ္ဂဇင်း၌ **စိမ်းမိ၊ ငြိမ်း၊ ကျွန်တော်** ဝတ္ထုတို စတင်ပုံနှိပ်ဖော်ပြခံရသည်။ ၁၉၇၆ တွင် **ပန်းတွေနဲ့ဝေ** လုံးချင်းဝတ္ထု စတင်ရေးသားပြီး **ချစ်တဲ့သူငယ်လေ၊ လှပါတယ် မသီတာ၊ ငယ်ချစ်ရယ် လိုက်ခဲ့တော့** စသည့် လုံးချင်းဝတ္ထု ၃၃ အုပ် ထုတ်ဝေနိုင်ခဲ့သည်။ မောင်စိန်သောင်းနှင့် မနှင်းရည် ပင်တိုင်ဓာတ်ကောင်ဖြင့် ဝတ္ထုတိုများ ရေးသည်။ ခရီးသွား၊ အတွေ့အကြုံ၊ အသိပညာနှင့် သာသနာရေးဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည်။

၁၁၊ ဇန်နဝါရီ၊ ၂၀၁၁ တွင် အဆုတ်နာရောဂါဖြင့် ကွယ်လွန်သည်။

❑

mgyoe.com

mgyoe.com

# အစီရင်ခံခြင်း

ဒီဝတ္ထုဟာ ဘယ်လိုစာပေအမျိုးအစားထဲမှာ ပါသလဲဆိုတာ သတ်မှတ်ဖို့ တော်တော်ခက်ပါတယ်။ တကယ်အတည်ရေးထားတာလား ဆိုတော့ မဟုတ်ဘူး။ ဒါဖြင့် ဟာသဝတ္ထုလား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ ခပ်တည်တည်နဲ့ နောက်ထားတာလို့ ဆိုရအောင်ကလည်း နောက်သလို ပြောင်သလိုနဲ့ အလွန်လေးနက်တဲ့ ကိစ္စတွေ ပြောထားပြန်ရော။ အဆင့်မြင့်သရော်စာလို့ တံဆိပ်တပ်ရကောင်းမလား။ သူ့ဝတ္ထုထဲက ဇာတ်ကောင်ပညာရှိတွေလို အဖြေ = ? (အနန္တ - မသိပါ)လို့ ပြောတာပဲ အန္တရာယ်အကင်းဆုံးဖြစ်မယ်ထင်ပါရဲ့။

ဒီစာအုပ်အတွက် မျက်နှာဖုံးပုံ ရေးဆွဲဖို့ စဉ်းစားရမှာလည်း တော်တော်ဦးနှောက်ခြောက်ခဲ့ရတယ်။ နောက်ဆုံးတော့ ဝတ္ထုနဲ့လိုက်ဖက်မယ့် ဂန္ထဝင်အနုပညာလက်ရာတွေကို ပြန်လည်ပေါင်းစပ်ပြီး 'ဆရာ ဟန်ဆန်း' က ဖန်တီးပေးလိုက်ရပါတယ်။

ဒီဝတ္ထုကို ဖတ်ရတာ နည်းနည်းတော့ လက်ဝင်ပါလိမ့်မယ်။ ဒါပေမယ့် ကြိုးစားပြီး ဖတ်ကြည့်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ တစ်ခုခုတော့ ရသွားနိုင်လိမ့်မယ်ထင်ပါတယ်။

ဝတ္ထုကို ဖတ်ကြည့်တဲ့အခါ ဆရာမောင်ဝဏ္ဏအနေနဲ့ ဒဿနဗေဒ၊ စိတ်ပညာ၊ သမိုင်း၊ ဂမ္ဘီရ၊ နက္ခတ္တဗေဒ၊ ယုတ္တိဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ သင်္ချာ စတဲ့ ပညာရပ်ပေါင်းစုံကို ဘယ်လောက်ထိ ဖတ်ခဲ့၊ မှတ်ခဲ့၊ လေ့လာခဲ့သလဲဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။ ဆရာကတော့ တစ်သက်လုံး 'သူ မဟုတ်သလို' နေသွားခဲ့ပါတယ်။ ဒီဝတ္ထုကျမှသာ ပုံအောပြီး သွန်ချလိုက်ပုံ ရပါတယ်။

ဘာပဲဖြစ်ဖြစ် ဆရာမောင်ဝဏ္ဏဟာ ဒဿနိကဗေဒဘွဲ့ရ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာတစ်ယောက်အဖြစ်ထက် နည်းနည်းတော့ ' ပို ' တယ်ဆိုတာ ရိပ်စားမိနိုင်ကြလိမ့်မယ် ထင်ပါတယ်။

**စိစဉ်သူ**



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စတိုင်သစ်မဂ္ဂဇင်းနှင့် သောင်းပြောင်းထွေလာ
ရယ်စရာမဂ္ဂဇင်းတို့တွင် ၂၀၀၅ မေလမှ စတင်၍
အခန်းဆက်ရေးသားခဲ့သော ဝတ္ထုရှည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

(၁)

ဆရာဒေါက်တာခင်မောင်ညိုသည် သူ့တပည့်ဖြစ်သော မောင်ဥက္ကာကို စာအုပ်တစ်အုပ် လက်ဆောင်ပေး၏။ မောင်ဥက္ကာသည် ကျွန်တော်၏ သားဖြစ်သည်။ ထိုစာအုပ်ကို ကျွန်တော်လည်း ဖတ်၏။ စာအုပ်အမည်မှာ ဘုရားသခင်သို့ အီးမေးလ်ပို့ခြင်း တဲ့။ ဘုရားသခင်၏ အီးမေးလ်လိပ်စာမှာ (God@Heaven.com) ဟူ၏။

ကျွန်တော့်သမီးကြီးတွင် သူ့လုပ်ငန်းကလေး လုပ်ဖို့ရန် ကွန်ပျူတာလေး တစ်လုံးရှိ၏။ ရှိစုမဲ့စုလေး ပေါင်းနှံရောင်းချပြီး ဝယ်ထားခြင်းဖြစ်ပါသည်။

✡ ✡ ✡

(၂)

ကျွန်တော်သည် ဟိုစပ်စပ် သည်စပ်စပ် သိချင်သော ဝါသနာ၊ တစ်နည်းအားဖြင့် လက်ဆော့၊ ခြေဆော့နှင့် အငြိမ်မနေတတ်သော ဝါသနာရှိ၏။ ဤသည်မှာလည်း သဘာဝကျပါသည်။ ချားလ်စ်ဒါဝင်က လူသည် မျောက်ကဲ့သို့သော မျိုးနွယ်တစ်ခုမှ အဆင့်ဆင့် တိုးတက်လာခြင်းဖြစ်သည်ဟု ဆိုခဲ့ပါသည်။ မျောက်နှင့် အမျိုးတော်သော ကျွန်တော်တို့သည် မျောက်ကဲ့သို့ပင် ဆော့တတ်လေသည်။

တစ်ညသ၌ ကျွန်တော်သည် သမီး၏ ကွန်ပျူတာရှေ့တွင် ထိုင်ပြီး ဆရာဒေါက်တာခင်မောင်ညို ညွှန်းသော လိပ်စာအတိုင်း မဟုတ်ဘဲ ကျွန်တော် စိတ်ကူးရသလို 'ထာဝရ ဖန်ဆင်းရှင်သခင်' ထံ အီးမေးလ် ပို့လိုက်၏။ ကျွန်တော်ပို့သော အီးမေးလ်မှာ -

'ဘဘဖန်ဆင်းရှင် သခင်ဘုရား။ ကျွန်တော်တို့ လူသားတွေကို ဖန်ဆင်း

mgyoe.com

mgyoe.com

ခြင်းနှင့် လူသားများနှင့် လူ့လောကကြီး ပျက်သုဉ်းခြင်းအကြောင်းကို သိလိုပါသည်။ အစဉ် သနားတော်မူသောအားဖြင့် ဖြေကြားပေးတော်မူ . . .

လျှပ်စစ်မီး ခေတ္တပျက်သွားသဖြင့် ဖန်ဆင်းရှင်သခင်ထံသို့ အီးမေးလ် ရောက်၊ မရောက် မသိရတော့ပါ။ ထို့ကြောင့် ကျွန်တော်လည်း အိပ်ရာဝင်လိုက်သည်။ ကျွန်တော့်ဇနီးက ခေါင်းရင်းတွင် ဖယောင်းတိုင်လေးထွန်းပြီး တရားထိုင်နေ၏။

ကျွန်တော့်လည်း အိပ်လိုက်၏။

✿ ✿ ✿

(၃)

မှေးခနဲ အိပ်ပျော်သွားစဉ် ကျွန်တော့်ဇနီးက နှိုး၏။

'အစ်ကို တယ်လီဖုန်းလာတယ်'

'ဘယ်ကလဲကွာ၊ ညဉ့်နက်သန်းခေါင်ကြီး တော်တော်နှောင့်ယှက်တာပဲ'

'ထာဝရ ဖန်ဆင်းရှင်သခင်ရဲ့ ရုံးတော်ကတဲ့ ကျွန်မလည်း ရှင့် သူငယ်ချင်း ပန်းချီဝသုန် မူးမူးရူးရူးနဲ့ နောက်တယ်ထင်ပြီး ပြန်ဟောက်သေးတယ်။ သူက အစစ်အမှန်ဖြစ်တယ်လို့ ပြောတယ်။ ရှင် ဘာတွေ လျှောက်လုပ်ထားသလဲ ကျွန်မ ရင်တုန်လိုက်တာ'

'ဟာ - ဟုတ်လား။ အရေးကြီးတယ်ကွာ။ ဒါပေမဲ့ မင်း ဘာမှ မပူနဲ့။ ထာဝရ ဖန်ဆင်းရှင်သခင်ဟာ မေတ္တာတော် အနန္တရှိတယ်'

✿ ✿ ✿

ကျွန်တော် တယ်လီဖုန်းကို သွားကိုင်လိုက်သည်။

'အမိန့်ရှိပါ ခင်ဗျား။ ကျွန်တော် မောင်ဝဏ္ဏပါ'

'အေး-ငါဟာ ဖန်ဆင်းရှင်သခင် ကိုယ်တိုင်က အမိန့်ပေးလို့ ဆက်သွယ်လိုက်တဲ့ အဂ္ဂဘုံက ပြန်ကြားဆက်သွယ်ရေးဌာနတာဝန်ခံ ကောင်းကင်တမန် နတ်မင်းကြီးတစ်ပါးပဲ'

'မှန်ပါတယ် အရှင်၊ ကျွန်တော် အရှင်တို့ထံ အီးမေးလ် ပို့မိပါတယ်။ အပြစ်ယူတော်မမူပါနဲ့'

mgyoe.com

mgyoe.com


'အပြစ်မယူပါဘူးကွာ။ ဒါပေမဲ့ ငါတို့အံ့ဩနေလို့ မင်းဆီကို ဖုန်းဆက်လိုက်တာ'

'အရှင် ကျွန်တော်မျိုးပို့လိုက်တဲ့ အီးမေးလ်ဟာ မပြည့်စုံသေးပါဘူး။ ပြီးတော့ ကျွန်တော်မျိုးရဲ့လိပ်စာလည်း မပို့ရသေး။ ဖုန်းနံပါတ်လည်း . . .'

'ဟောကောင် ဖန်ဆင်းရှင်ဆိုတာ အလုံးစုံသိမြင်တဲ့ ကိုယ်တော်မြတ် ဆိုတာ မင်းမေ့နေပြီလား၊ ဖုန်းနံပါတ်လောက်တော့ ဖန်ဆင်းရှင်သခင် မပြောနဲ့ တို့ရဲ့ အငယ်ဆုံးလက်ထောက်ရဲ့ ဒရဝမ်တောင်မှ သိတယ်ကွ။ နားလည်လား'

'မှန်ပါ့ ခွင့်လွှတ်တော်မူပါ နတ်မင်းကြီး ခင်ဗျာ'

'အေး - ထာဝရဖန်ဆင်းရှင် သခင်ဟာ သတ္တဝါတိုင်းပေါ်မှာ တူညီမျှတတဲ့ သနာကရုဏာနဲ့ ခွင့်လွှတ်ခြင်း ရှိတော်မူတယ်။ ဒါပေမဲ့ တို့သိချင်တာက မင်း ဘယ်လိုနည်းနဲ့များ ကောင်းကင်အဂ္ဂဘုံနဲ့ အဆက်အသွယ်ရအောင် လုပ်လိုက်တာလဲ'

'မှန်ပါ။ ကွန်ပျူတာက တစ်ဆင့် အီးမေးလ် ပို့လိုက်မိပါတယ်'

'အဲဒါပဲ။ အဲဒါကို တို့သိချင်တယ် ဒီလိုကိစ္စမျိုး ရှိသလား၊ ဖန်ဆင်းရှင်သခင်ကိုယ်တိုင် ဆက်သွယ်မှုရမယ့်ကိစ္စ မင်းတို့လူတွေက ဘာကြောင့် ဒီလို ပေါက်ပေါက်ရှာရှာတွေ လုပ်ကြရသလဲ'

'ကျွန်တော်မျိုး တီထွင်ရခြင်း မဟုတ်ပါ အရှင်၊ အမေရိကန် ကာကွယ်ရေးဌာန ပင်တဂွန်က စပြီးနောက် ဘီလ်ဂိတ်ဆိုတဲ့ ငနဲက လျှောက်လုပ်လိုက်တာပါ'

'ထားပါတော့ကွာ။ မင်းတို့လူတွေဟာ တော်တော် ကမြင်းတာပဲ။ မင်းတို့ဘာသာမင်းတို့ တီထွင်လုပ်ပြီးမှတော့ ထားလိုက်ပါတော့ ကဲ - အခု မင်းသိချင်တဲ့အကြောင်း ပြန်ပြောစမ်း'

'မှန်ပါ။ ဖန်ဆင်းရှင်သခင်၏ ပြန်ကြားဆက်သွယ်ရေးဌာန နတ်မင်းကြီး ခင်ဗျား။ ကျွန်တော်မျိုး သိချင်တာက ဖန်ဆင်းရှင်သခင်က လူ့လောကကို ဖန်ဆင်းခဲ့ပုံနဲ့ လူ့လောကကြီး ပျက်စီးမယ့် ကိစ္စကို သိချင်ပါတယ် အရှင်'

'အဲဒါ ရှေးဟောင်းကျမ်းတွေထဲမှာ မှတ်ခိုင်းထားတယ်လေကွာ'

'မှန်ပါ၊ လူကိုဖန်ဆင်းပြီးနောက် လူဟာ တားမြစ်ထားတာကို လုပ်မိလို့ အပြစ်ဖြစ်ပြီး 'အဲဒီအပြစ်ကြောင့် တစ်ချိန်ချိန်မှာ လူ့လောကကြီး ပျက်သုဉ်းပြီး ဝိညာဉ်တွေကို မကောင်းသူပယ်၊ ကောင်းသူကယ်နည်းနဲ့ ဖန်ဆင်းရှင် သခင်က ဆုံးဖြတ်ချက်ချမယ်လို့ အကြမ်းအားဖြင့် သိထားကြကြောင်းပါ အရှင်'

mgyoe.com

mgyoe.com


'အေး - အဲဒါပဲ။ ဒီထက်ရှင်းတာ ဘာရှိသေးလဲ'

'ကျွန်တော်မျိုးက ဘယ်လိုပျက်သုဉ်းမလဲဆိုတာလေး သိချင်တာပါ အရှင်'

'အဲဒါ မင်းတို့လူတွေအပေါ် မှာပဲ တည်တယ်။ မင်းတို့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးကြလို့ ဖန်ဆင်းရှင် သခင်ကိုယ်တော်မြတ်မှာ လူ့လောကကြီးကို အထပ်ထပ်အခါခါ ဖန်ဆင်းရတဲ့ အကြောင်းပေါင်း မရေမတွက် နိုင်တော့ဘူးကွာ'

'ဘယ်လိုဘုရား။ အထပ်ထပ်အခါခါ ဖန်ဆင်းတော်မူတယ် ဟုတ်လား'

'အေး- ဟုတ်တယ်။ ဖန်ဆင်းရှင်သခင် သိပ်ပင်ပန်းနေပြီ။ နောက်ထပ် တစ်ခါ ဖန်ဆင်းဖို့ကို အလေးအနက် စဉ်းစားရတော့မယ်တဲ့'

'နောက်ထပ် ဖန်ဆင်းဖို့ဆိုတော့ ကျွန်တော်မျိုးတို့ လူ့လောကကြီး ပျက်သုဉ်းဦးမှာပေါ့။ ဟုတ်သလား အရှင်'

'အေး- ဖြစ်တာနဲ့ စပြီးရင်ပျက်တာနဲ့ ဆုံးတယ်လေကွာ။ မင်း မမှတ်မိတော့ဘူးလား'

'မှန်ပါ။ သတိရကြောင်းပါ ဘုရား'

'မင်းတို့ လူ့လောကကြီး ပျက်သုဉ်းဖို့ ပြဿနာစခဲ့သေးတယ်'

'ဘယ်လိုများဖြစ်ပါလိမ့် ဘုရား'

'အေး- အဆိုးဆုံးကတော့ အဖျက်သမားဆေတန်က အိုင်စတိုင်းကို ဝင်ပူးပြီး အနုမြူဗွမ်းအင်လုပ်တဲ့ သီဝရီနည်းပေးလိုက်တာပဲ'

'ခင်ဗျာ - အိုင်စတိုင်းဆိုတာ ၂၀ ရာစုရဲ့ အကြီးအကျယ်ဆုံး သိပ္ပံပညာရှင် ပုဂ္ဂိုလ်ကြီးမဟုတ်ပါလား ဘုရား'

'အေး- မင်းတို့လူသားတွေကတော့ အဲသလိုယူဆလိမ့်မယ်။ တကယ်က အဲဒီ အနုမြူပုံးဆိုတဲ့ လက်နက်ကို ထွင်နိုင်အောင် မဟူရာဆေတန်နတ်က အိုင်စတိုင်းတို့၊ ဖာမီတို့၊ ရူသာဖို့ဒ်တို့တစ်တွေကို ဝင်ပူးပြီး နည်းပညာတွေ ပေးလိုက်တာကွ။ အဆုံးမှာတော့ မဟူရာမာရ်နဲ့ ငါတို့ ညှိနှိုင်းဆွေးနွေးလိုက်ရတယ်။ အဲဒီပုံးကို လုံးဝ မသုံးဖို့ ငါတို့က ပြောတယ်။ 'မဟူရာဆေတန်' က သူ လက်လွန်ပြီးပြီဖြစ်လို့ တစ်လုံးလောက်တော့ သုံးခွင့်ပြုပါ။ နောက်နောင် ဘယ်တော့မှ မသုံးစေရပါဘူးလို့ ကတိပေးတယ်။ ဒါနဲ့ပဲ အတော်ကြာ ငြင်းခုန်ကြရတယ်။ နောက်ဆုံးမှာတော့ သုံးခွင့်ပေးလိုက်ရတယ်'

'အဏုမြူပုံး တစ်လုံး မဟုတ်ပါဘုရား။ နှစ်လုံးဖြစ်ပါတယ်။ ဟီရိုရှီးမားနဲ့ နာဂဆာကီမြို့ နှစ်မြို့ပါဘုရား'

'အေး - မဟူရာမာရ်က ဉာဏ်နီ ဉာဏ်နက် သိပ်သွားတယ်ကွာ။ ဖန်

mgyoe.com

mgyoe.com


ဆင်းရှင်သခင်ဆီက ခွင့်ပြုချက်က တစ်လုံးဂဏန်းအားဖြင့် '၁' စာအားဖြင့် (တစ်)ဆိုပြီး သေသေချာချာ ရေးပေးလိုက်တယ်။ အဲဒါကို 'ဆေတန်က ကြား ဖြတ်ပြီး '၁'(တစ်) + '၁'(တစ်) လို့ မလိမ်တစ်ပတ် လုပ်လွှတ် လိုက်တယ်။ ဒီလိုနဲ့ အဏုမြူဗုံးနှစ်လုံး ဖြစ်သွားတာ။ မဟူရာ ဆေတန်နတ်ကို ခေါ်မေး တော့ သူ့ကွန်ပျူတာ လက်နှိပ်စက် စာရေးမက စာကြမ်းကိုလျှမ်းပြီး (၁) တစ်ကို နှစ်ခါ ထပ်ရိုက်လိုက်မိတာပဲ ဖြစ်ပါတယ်လို့ လျှောက်ထားတယ်'

'ဒါဆို ၁၁ လုံး ဖြစ်သွားမှာပေါ့ ဘုရား'

'အေး- အဲဒါကို ဆေတန်က ၁ + ၁ လို့ ပြင်ခိုင်းလိုက်သတဲ့။ သူ့ကိုပဲ ကျေးဇူးတင်ရမလိုပေါ့ကွာ။ ဒါနဲ့ဖြစ်ပြီးပြီဆိုတော့ ငါတို့လည်း ပြန်ပြင်လို့ မရတော့ဘူး။ ဒါကြောင့် ဂျပန်နဲ့ အနောက်ဥရောပ အပါအဝင် အားလုံးကို အမြန်ဆုံးပြန်တိုးတက်အောင် အမေရိကန်က တစ်ဆင့် မာရှယ်စီမံကိန်းနဲ့ လုပ်ခိုင်းလိုက်ရတယ်'

'မှန်လှပါ။ မာရှယ်စီမံကိန်းကလည်း သိပ်အလုပ်မဖြစ်ပါ ဘုရား။ ဒါနဲ့ ဟစ်တလာနဲ့ တိုဂျိုတို့ကော ဘုရား။ မာရ်ဝင်ပူးတာ ပဲလား'

'အေးလေကွာ။ ဒါကြောင့် စစ်ကြီးတိုက်ကြတာပေါ့'

'အရှင်တို့က သိထားရင် အဲဒီလိုမဖြစ်အောင် တားဆီးတော် မမူနိုင်ဘူး လား ဘုရား'

'ဖန်ဆင်းရှင်သခင်က ကြိုးစားခဲ့ပါသေးတယ်ကွာ။ ဟစ်တလာ ဆိုတဲ့ ကောင် စောစောစီးစီး မရဏမင်းလက်ထဲ အပ်နိုင်ဖို့ ဝတ်ပြတ်ပြီး သေအောင် တို့ကို လုပ်ခိုင်းသေးတယ်ကွ။ ဒါပေမဲ့ မဟူရာ ဆေတန်နတ်က ဟစ်တလာကို နာဇီပါတီ ထူထောင်ဖို့ မူကြမ်းအယူအဆကို ယည့်ပေးလိုက်တယ်။ သူကိုယ် တိုင်ပဲ ဟစ်တလာကို ကယ်ပြီး ငါတို့ မမြင်ကွယ်ရာမှာ မထင်မရှားဖြစ်အောင် ကာကွယ်ထားခဲ့တယ်။ တို့ပြန်ပြီး စစ်ဆေးကြည့်တော့ နာဇီပါတီက ဂျာမနီမှာ အာဏာရနေပြီ။ ကျန်တာတွေတော့ မင်းတို့ သိပြီးသားပဲ'

'အရှင်တို့က စစ်မဖြစ်အောင် တားဆီးလိုက်ဖို့ ကောင်းပါ တယ်။ ဘုရား'

'မဟူရာမာရ်နတ်က သူစထားတဲ့ အလုပ်မို့သူပဲ အဆုံးသတ်လို့ရမယ်လို့ ပြောသကွ။ ဒါကြောင့် အမြန်ဆုံးဖြစ်အောင် အဆုံးသတ်ပါလို့ ထာဝရ ဖန် ဆင်းရှင်သခင်က အမိန့်ပေးလိုက်တယ်။ ဒီဆေတန်က ကောက်ကျစ်စဉ်းလဲ တယ်ကွာ။ အဏုမြူဗုံးလုပ်နည်း ပေးလိုက်တော့တာပဲ'

'စစ်ကြီးပြီးတော့ စစ်အေးခေတ်ရောက်တယ် ဘုရား။ ကျွန်တော်မျိုးတို့

mgyoe.com

mgyoe.com


တစ်ကမ္ဘာလုံး လက်ဝဲလက်ယာ တိုက်ခိုက်ရေးတွေ ဖြစ်လာပါတယ် ဘုရား။ အဲဒါကို အရှင်တို့က ခွင့်ပြုတော်မူလိုက်ပါသလား ဘုရား'

'ဟာ - ဒီကောင် မောင်မင်းသိဖို့ ဥပမာတစ်ခု ပြောပြမယ်။ ဟက်တက်ကွဲတဲ့ ဒဏ်ရာတစ်ခုရရင် အဲဒီအနာကို အပ်နဲ့ချုပ်၊ ဆေးထည့်ပြီးရင် ချက်ချင်းပျောက်သလား'

'မပျောက်ပါဘုရား။ တစ်ပတ်တန်သည်၊ တစ်လတန်သည်တော့ စောင့်ရကြောင်းပါ ဘုရား'

'ဒီဥပမာအတိုင်းပဲ မောင်မင်း၊ ဖြစ်ခဲ့တဲ့ စစ်ကြီးရဲ့ဒဏ်ရာကို ပြန်ကုရတာ ချက်ချင်းမပျောက်နိုင်ဘူး'

'မှန်ပါဘုရား။ ကျွန်တော်မျိုးတို့ လူသားတွေကိုယ်တိုင်က အဖျက်လုပ်ငန်းတွေ မလုပ်မှရမယ်ဆိုတာ သဘောပေါက်ပါပြီ ဘုရား'

'အေး - မင်းတို့လူသားတွေ ကိုယ်တိုင်မဆင်မခြင် လုပ်ခဲ့ကြလို့ လူ့လောကကြီး အခါခါပျက်စီးခဲ့ရတဲ့အကြောင်း ရှိသေးတယ်ကွဲ့'

'အခါခါ၊ ဟုတ်လား ဘုရား။ ဒါဖြင့် ကျွန်တော်မျိုးတို့ ယခု လက်ငင်းဖြစ်နေတဲ့ လူ့လောကအပြင် ရှေးရှေးကလည်း ရှိခဲ့ဖူးတယ်ပေါ့။ ဟုတ်ပါသလား ဘုရား'

'အေး - အများကြီးရှိခဲ့ဖူးတယ်'

'ကျွန်တော်မျိုးကို အစဉ်သနားသော မေတ္တာတော်ဖြင့် ပြန်လည်ပြောပြပေးဖို့ လျှောက်ထား အသနားခံအပ်ပါတယ် ဘုရား'

'ငါ့မှာ အဲသလောက် အချိန်မရှိဘူးကွာ။ ခုလောက် စကားပြောရတာကိုက မင်းတို့ သတိရှိဖို့ပြောချင်လို့ပဲ။ ဖန်ဆင်းရှင်သခင်ဟာ မဟာမေတ္တာတော်ထားရှိတော်မူတဲ့အတွက် မင်းသိချင်တဲ့ အချက်အလက်တွေကို ကောင်းကင်ဘုံကွန်ပျူတာ မင်မိုရီထဲကနေ မင်းရဲ့သမီး ကွန်ပျူတာထဲ ပို့ခိုင်းလိုက်တယ်။ ဒေါက်တာခင်မောင်ညိုပေးတဲ့ အင်တာယူနီတားစ်နက်၊ ဆာ့ချ်အင်ဂျင် ထဲဝင်ပြီး ခရီးရေတာ မင်မိုရီ ဆိုတာကို နှိပ်လိုက်ပေတော့ မောင်ဝဏ္ဏရေ။ ငါ မင်းကို ကောင်းချီးပေးလိုက်ပါတယ်။ ဂွဒ်ဘိုင် - ဂွတ်ဒ်နိုက် - ဆွိဒရင်းမ်'

ဖန်ဆင်းရှင်သခင်၏ ကိုယ်စားလှယ်တော်သည် တယ်လီဖုန်း ချလိုက်ပြီဖြစ်၏။

'ဂျလောက်'

✿ ✿ ✿

mgyoe.com

(၄)

ကျွန်တော်သည် သမီး၏ ကွန်ပျူတာလေး၌ ကမ္ဘာကမ္ဘော ဖြုတ်ဖွ ဖြုတ်ဖွ၊ လျှာကုန်ရှေ့နှင့် ဆန်းနေဂိုဏ်းညီ ဂါထာစီထားသော အင်တာ(ယူနီဗားစ်)နက်၊ ခရီးရေတာ မင်မိုရီဒေါ့ကွန် - အေ - အဂ္ဂဘုံကို ဒေါင်းလုတ် လုပ်ကြည့်မိပါသည်။

ထိုညတွင် အခက်အခဲကြီးပေါ်လာ၏။ ဖန်ဆင်းရှင်သခင်ရုံးချုပ်မှ သင်္ကေတများကို ကျွန်တော် မဖတ်တတ်ပါ။ ဘိုင်နရီစနစ် (ဝ-၁) ထက် ပိုမြင့်သော(မိုနရီကေစနစ် - (ဝ)နည်းဖြင့် ဖော်ပြထားလေသည်။ (ဝ၁ဝ၀ဝ ॥ ॥)။ စသဖြင့် ဖြစ်လေသတည်း။

သို့ရာတွင် ဖန်ဆင်းရှင်သခင်သည် အစစအရာရာကို ဖန်တီးနိုင်စွမ်းရှိသောကြောင့် - - - ကလစ် ထရန်စလေးရှင်း ဒေါ့အင်ဒေါ့ မြန်မာဒေါ့ကလစ် ဟူ၍ ကီးဘုတ်နှင့် မောက်စ်ကို နှိပ်လိုက်၏။

မျှော်လင့်ထားသည့်အတိုင်း မြန်မာဘာသာဖြင့် ဖတ်ရှုခွင့်ရလေသတည်း။

✡ ✡ ✡

အလွန့်အလွန် ရှည်လျားလှစွာသော 'ခေါင်းစီး'များ အရင် ပေါ်လာ၏။ ရှည်လျားလွန်းအားကြီးသဖြင့် ဘယ်ခေါင်းစီးကို ရွေးရ မှန်းမသိ ဖြစ်သွားသည်။ ထို့နောက် ကျွန်တော်သည် လူနှင့်လူ့လောကဟူသော ခေါင်းစီးကို ကလစ် လုပ်လိုက်၏။ ထပ်မံခွဲစိတ်ထားသော ခေါင်းစဉ်ငယ်များသည် အနန္တလက္ခဏာ (အင်ဖင်နတီ) '∞' ဖြင့် ပေါ်လာ၏။ သို့နှင့် ကျွန်တော်သည် ဖန်ဆင်းရှင်သခင်က လူနှင့် လူ့လောကကို ဖန်ဆင်းခြင်းအကြိမ် မည်၍မည်မျှ ရှိသနည်း ဟူသော မေးခွန်းကို မေးလိုက်၏။ အကြိမ်ပေါင်း (အီး)သန်းပေါင်း ထောင်ပေါင်းများစွာ(အင်ဖင်နတီ)ဟု ကွန်ပျူတာ ဖန်သားပြင်၌ ပေါ်လာပြန်၏။ ကျွန်တော် ဦးနှောက် အလွန်ခြောက်သွားသဖြင့် နောက်ဆုံး ဖန်ဆင်းမှု အနည်းငယ်မျှသာ ဖော်ပြပါရန် ခလုတ်နှိပ် 'ကလစ်' လုပ်လိုက်ရပါသည်။

ဖန်ဆင်းခြင်း အင်ဖင်နတီ + ၁ ဟု မြင်ရ၏။

ထိုခေါင်းစဉ်ငယ်ကို 'ကလစ်' လုပ်လိုက်၏။ ထိုအခါ။ ဖော်ပြပါ စာကြောင်းများ ပေါ်လာလေသည်။

✡ ✡ ✡

mgyoe.com

mgyoe.com

## (၅)
## ဖန်ဆင်းခြင်း အင်ဖင်နတီ + ၁

ထာဝရဖန်ဆင်းရှင်သခင်သည် စကြဝဠာကြီးနှင့် လူ့လောကကို ဖန်ဆင်းရဖန်များလွန်းသောကြောင့် (အကြိမ်ပေါင်း အတိုင်းမသိ ဖန်ဆင်းခဲ့ပြီး ဖြစ်သည့်အလျောက်) ဖန်ဆင်းခြင်း ကိစ္စ၌ အထူးပင် ငြီးငွေ့တော်မူခဲ့လေသည်။ ပင်ပန်းတော်မူသည်မှာလည်း အတိုင်းမသိ(အင်ဖင်နတီ)ပင်ဖြစ်၏။ သို့သော် ဖန်ဆင်ခြင်းဟူသည်မှာ ဖန်ဆင်းရှင်သခင်၏ လုပ်ငန်းဖြစ်သောကြောင့် ထိုတာဝန်ကို မလွှဲသာမရှောင်သာ ပြုလုပ်တော်မူ ရလေသည်။

ဖန်တီးခြင်း အင်ဖင်နတီ + ၁ သည် လုံးဝဥဿုံပျက်စီးသွားပြီဖြစ်၍ စကြဝဠာကြီးတစ်ခုလုံးသည် အမိုက်တိုက်အတိသာ ဖြစ်နေ၏။ (ရုပ်/သံကို ကလစ်လုပ်လိုက်သောအခါ စာကြောင်းများနှင့်အတူ အရုပ်သံများ မြင်ရ၊ ကြားရလေသည်ဟူ၏။) ဖန်ဆင်းရှင်သခင်သည် အနန္တစကြဝဠာကို ပြန်လည်စတင် ဖန်ဆင်းလိုက်၏။ နေ၊ လ၊ ကြယ်၊ နက္ခတ်တာရာများ ပြိုးပြက်စွာ ဖြစ်ထွန်းလာ၏။ ထို့နောက် ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူ၏။ ကမ္ဘာမြေကြီး၌ သစ်ပင်ပန်းမာန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ လွင်ပြင်၊ ပင်လယ်သမုဒ္ဒရာ အစရှိသော လူအတွက် လိုအပ်သမျှ အရာအားလုံးကို ဖန်ဆင်းတော်မူ၏။ ထောင့်စေ့အောင် ပြန်လည် ကြည့်ရှုစစ်ဆေးပြီးနောက် လောကကြီးသည် လူအတွက် လုံလောက်ပြီဟု သိရသောအခါ ဖန်ဆင်းရှင်သခင်သည် မိမိနှင့် သဘောတရားအားဖြင့်သာ သဏ္ဍာန်တူသော လူသားကို ဖန်ဆင်းတော်မူလိုက်၏။ ထိုလူသားအား ဖန်ဆင်းရှင်သခင်ကဲ့သို့ မေတ္တာတော်အနန္တကိုလည်း ပေးသနားတော်မူလိုက်၏။ 'ကမ္ဘာဦးစွပ်ပြုတ်ရည်' ကိုလည်း ဖန်ဆင်းပေးလိုက်၏။

ထိုနေ့သည် အဖိတ်နေ့ဖြစ်၏။ ဖန်ဆင်းရှင်သခင်သည် မဟူရာဆေတန်မာရ်နတ်က မလွဲကေန်ဖျက်ဆီးမည်ဟု သိထားတော်မူသည့်အလျောက် ဆေတန်အား ဆင့်ခေါ် လိုက်၏။

ဖန်ဆင်းရှင်သခင်ထံမှောက်သို့ ဆေတန် ရောက်ရှိလာလေသည်။ ဖန်ဆင်းရှင်သည် ဤသို့ မိန့်တော်မူ၏။

'အို အချင်း' မဟူရာဆေတန် သင်သည် လောကကြီးကို အမြဲတမ်း ဖျက်ဆီးခဲ့၏။ သင်ဖျက်ဆီးသောကြောင့် ပျက်စီးခဲ့ရသော အနန္တသဘောကို ဆောင်သော စကြဝဠာကြီးများကို ငါသည် မဟာမေတ္တာတော်ထားလျက် အသစ်တဖန်ပြန်၍၊ ပြန်၍၊ ပြန်၍၊ ပြန်၍ ဖန်ဆင်းခဲ့ရသည့်အကြိမ်မှာ မရေမတွက်နိုင်အောင်

mgyoe.com

mgyoe.com


အသင်၏ အသင်္ချာ 'အင်ဖင်နတီ' ကို ကျော်လွန်ခဲ့ပြီဖြစ်၏။ ယခု ငါသည် စကြဝဠာအသစ်ကြီးတစ်ခုနှင့် လူ့လောကအသစ်တစ်ခုကို ဖန်ဆင်းပြီးခဲ့လေပြီ တကား။ ထို့အပြင် ငါကိုယ်တော်မြတ်နှင့် (သဘောတရားအားဖြင့်သာ) အဆင်းသဏ္ဌာန်တူသော မေတ္တာတော်အနန္တရှိသော အတိုင်းမသိ အသက်ဇီဝရှည်သော လူသားကိုလည်း ဖန်ဆင်းခဲ့ပြီဖြစ်၏။ ထိုလူသားနှင့် လောကကြီးကို ထပ်မံ ဖျက်ဆီးခြင်းနှင့် လောကကြီးကို ထပ်မံဖျက်ဆီးခြင်းမပြုရန်သင့်အား မေတ္တာရပ်ခံအပ်ပေ၏'

မဟူရာမာရ်နတ်မင်းသည် ဖန်ဆင်းရှင်သခင်ကိုယ်တော်တိုင်က မေတ္တာရပ်ခံသည် ငြင်းပယ်ခြင်းငှာ မသင့်ဟု သဘောပေါက်၏။ သို့ရာတွင် သူ့လုပ်ငန်းတာဝန်မှာ ဖျက်ဆီးရန်သာဖြစ်သောကြောင့် ကောက်ကျစ်စဉ်းလဲသော ဉာဏ်နီဉာဏ်နက်များကို ထုတ်ရလေသည်။ ထို့နောက် ဖန်ဆင်းရှင်သခင်အား မဟူရာမာရ် (ခ) ဆေတန်နတ်သည် ဤသို့လျှောက်ထား၏။

'အို- မဟာမေတ္တာတော် အရှင်ထာဝရ ဖန်ဆင်းရှင်သခင်၊ အရှင်မေတ္တာရပ်ခဲ့တော်မူသည်ကို ကျွန်တော်မျိုး ငြင်းပယ်ခြင်းငှာ မစွမ်းသာပါ။ သို့ရာတွင် အရှင်ဖန်ဆင်းတော်မူသော အရှင်နှင့် သဘောတရားအားဖြင့်သာ သဏ္ဌာန်တူဖြစ်သော လူသားသည် အကယ်စင်စစ် အရှင်နှင့် မတူသေးပါ အရှင်'

'အဘယ်ကြောင့် ငါကိုယ်တော်မြတ်နှင့်မတူဟု အသင်ဆိုနိုင်ဘိသနည်း။ လူသားဟူသည် ငါကိုယ်တော်မြတ်ကြီး၏ အရိပ်အယောင်သဘောသာ ဖြစ်၏'

'မှန်လှပါ။ အရှင်သည် လူသားတို့ ဖန်ဆင်းရာ၌ အသွင်သဏ္ဌာန်အားဖြင့်၊ အရိပ်အယောင်အားဖြင့် တူညီပါသော်လည်း အရှင်၏စွမ်းအားတစ်ခုကို လူသား၌ ထည့်သွင်းပေးရန် လိုအပ်နေပါသည် အရှင်'

'အို 'ဆေတန်'၊ လူသား၌ ငါကိုယ်တော်မြတ်၏ အရိပ်အယောင်သဘောနှင့် တူညီရန် မည်သို့အစွမ်းလိုနေဘိသနည်း'

'ဖန်ဆင်းခြင်း စွမ်းအင်ဖြစ်ကြောင်းပါအရှင်'

'ဟယ် - မဟူရာဆေတန်နတ်ယုတ်၊ ဖန်ဆင်းခြင်းစွမ်းအားသည် လူသား၏ အရာမဟုတ်ပေ တကား'

'ကြီးကျယ်လှစွာသော မေတ္တာတော် အနန္တရှိတော်မူသော အို - ဖန်ဆင်းရှင်သခင်ဘုရား၊ အကျွန်ုပ်၏အလုပ်မှာ ဖျက်ဆီးရန်ဖြစ်ပါ၏။ သို့ပေငြားလည်း အရှင်၏ မေတ္တာရပ်ခံမှုကို ကျွန်တော်မျိုး ငြင်းပယ်ခြင်းငှာ မစွမ်းပါ။ သို့ရာတွင် လူသား၌ အရှင်မြတ်ကဲ့သို့ ဖန်ဆင်းနိုင်သော စွမ်းအားရှိပါက အကျွန်ုပ်သည်လည်း

mgyoe.com

လူနှင့်စကြဝဠာကြီးအား ဖျက်ဆီးခြင်းငှာ စွမ်းသာတော့မည် မဟုတ်ပါ။ ထိုသို့ ဖန်ဆင်းခြင်းစွမ်းပကားကို လူသား၌ ထည့်သွင်းပေးပါလျှင် အကျွန်ုပ်သည် လူနှင့် လူ့လောကကြီးကို ဖျက်ဆီးခြင်းမပြုပါဟု အရှင့်အား ခိုင်မာသော ကတိပေးနိုင် ပါမည်။ အို - မြတ်စွာသော ဖန်ဆင်းရှင်သခင်အရှင်'

'လုံးဝမဖြစ်နိုင်ဘူး မဟူရာ ဆေတန်'

'အို - ကြီးမြတ်လှစွာသော ဖန်ဆင်းရှင် သခင်ဘုရား အကျွန်ုပ်သည် အဖျက် စွမ်းအားကို ပိုင်ဆိုင်ရယူထားခြင်းသာ ဖြစ်၏။ အကျွန်ုပ်၏ တစ်ခုတည်းသော ကြီးမားလွန်းလှသည့် အဖျက်စွမ်းအားကို လုံးဝစွန့်လွှတ်ရမည် ဆိုခြင်း၌ အကျွန်ုပ် ဘက်ကလည်း လိုအပ်ချက်ကို တောင်းဆိုပိုင်ခွင့်ရှိသည်ဟု ရိုးသားစွာ ယုံကြည်မိ ပါသည်။ ထို့ကြောင့် လူသား၌ ဖန်ဆင်းရှင်သခင်ကဲ့သို့ ဖန်ဆင်းနိုင်သော စွမ်းအား ထည့်သွင်းပေးနိုင်မှသာလျှင် ကျွန်ုပ်သည်လည်း အကျွန်ုပ်၏ အလွန်ချစ်မြတ်နိုး လှစွာသော 'အဖျက်စွမ်းအား' ကို စွန့်လွှတ်နိုင်မည်ဖြစ်ကြောင်း ရိုသေစွာလျှောက် ထားအပ်ပါသည် အရှင်။

ဖန်ဆင်းရှင်သခင်သည် မေတ္တာတော် အနန္တရှိသည့်အပြင် တရားမျှတမှု ကိုလည်း အထူးအရေးပေး၊ အလေးထားသောကြောင့် မဟူရာဆေတန်နတ်ပင် ဖြစ်လင့်ကစား သူ၏တောင်းဆိုချက်ကို ထည့်သွင်းစဉ်းစားရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဤသို့ မိန့်ကြားတော်မူ၏။

'အို - မဟူရာမာရ်နတ်၊ သင်၏ တောင်းဆိုချက်ကို လိုက်လျောသင့်၊ မသင့် အဂ္ဂဘုံ နတ်သဘင်အစည်းအဝေးကြီးကို ခေါ်ယူကျင်းပ ပေးမည်ဖြစ်၏။ ကောင်း ကင်တမန် ကိုယ်စားလှယ်နတ်မင်း အများစုက သဘောတူသည်ရှိသော် သင်၏ လိုလားချက်ကို ဖြည့်ဆည်းပေးမည်တည်း' ဟု မိန့်တော်မူလေသည်။

မဟူရာမာရ်နတ်သည် ဗိုဗို၏လိုလားချက်တစ်ဝက် အောင်မြင်ပြီဟု သဘော ပိုက်ပြီးနောက် -

'ကောင်းမွန်မြင့်မြတ်သော အစီအစဉ်ဖြစ်ကြောင်း ရိုသေစွာ လျှောက်ထား အပ်ပါသည် အရှင် ဖန်ဆင်းရှင် သခင်ဘုရား' ဟူ၍ လျှောက်ထားပြီး သကာလ ဗိုဗို၏ ဘုံဗိမာန်သို့ လင်းရိုဟာလိပ်တက်စ်ကို စီး၍ ပြန်လည် ကြွမြန်းလေသည်။

✡ ✡ ✡

mgyoe.com

mgyoe.com


(၆)

ထို့နောက် ကွန်ပျူတာဖန်သားပြင်၌ အဂ္ဂဘုံနတ်သဘင် အစည်းအဝေးကြီး၌ တိုင်ပင်ညှိနှိုင်းဆွေးနွေး ငြင်းခုန်နေကြသော အဂ္ဂဘုံ တမန်တော် နတ်များ၏ ရှည်လျားလှစွာသော ဆွေးနွေးချက်၊ ထောက်ခံချက်၊ ကန့်ကွက်ချက် အပြောက်အပြား ပေါ်လာ၏။ အကျဉ်းချုပ်တင်ပြရလျှင် -

ကန့်ကွက်သော ကောင်းကင်တမန်များက -

'လူသားသည် လူသားသာဖြစ်သောကြောင့် ဖန်ဆင်းရှင်သခင်ကဲ့သို့ ဖန်ဆင်းနိုင်စွမ်းကို ထည့်မပေးသင့်'ဟု ဆိုကြ၏။ ထောက်ခံသူများက အကယ်၍ လူသားသည် မိမိကိုယ်တိုင် ဖန်ဆင်းနိုင်စွမ်းရှိပါက 'ဆေတန်'က မည်သို့ဖျက်သည်ဖြစ်စေ၊ လူသားကိုယ်တိုင် ပြန်လည်ဖန်ဆင်းနိုင်သောကြောင့် ပင်ပန်းလှပြီ ဖြစ်သော ဖန်ဆင်းရှင်သခင်လည်း အနားရမည်ဖြစ်ကြောင်း၊ မဟူရာဆေတန်နတ်လည်း ဖျက်ဆီးခြင်း အကြိမ်ကြိမ်ပြုရ၍ မောပန်းပြီး ခြေကုန်လက်ပန်းကျကာ ဖျက်ဆီးခြင်းအမှုကို ပြုနိုင်တော့မည် မဟုတ်ကြောင့် တင်ပြကြသည်။

ဆေတန်နတ်သည် မိမိတင်ထားသော အဆိုဖြစ်သဖြင့် မဲပေး ခွင့်မရပေ။ အဂ္ဂကောင်းကင်ဘုံနတ်မင်းတို့၏ ကန့်ကွက်မဲနှင့် ထောင်ခံမဲတို့ကို အဂ္ဂဘုံ ကွန်ပျူတာနှင့် ရေတွက်သောအခါ ငါးဆယ်ရာခုန်နှုန်းဖြင့် အညီအမျှဖြစ်နေလေတော့သည်။ ကြားနေမဲ အရေအတွက်ကို ကြည့်သောအခါလည်း ငါးဆယ်ရာနှုန်းဖြစ်နေကြောင်း အံ့သြဖွယ်တွေ့ရ၏။

ထိုအခါ ကောင်းကင်တမန်အများစုသည် အဂ္ဂဘုံကွန်ပျူတာ၌ ချွတ်ယွင်းချက် တစ်စုံတစ်ရာရှိနိုင်သည်ဖြစ်သောကြောင့် လက်နှင့်ပင်မဲများကို ရေတွက်ရန် အကြံပြုလေသည်။ အများစု၏ ဆန္ဒဖြစ်သောကြောင့် လက်နှင့် ရေတွက်ရန် သဘာပတိအဖွဲ့က ခွင့်ပြုလေ၏။

ကောင်းကင်တမန် နတ်သမီးများသည် ထိုတာဝန်ကြီး မိမိတို့အပေါ် ကျရောက်တော့မည်ကို သိသဖြင့် သည်းစွာ ငိုကြွေးကြ၏။ သို့ရာတွင် သဘာပတိအဖွဲ့ နတ်မင်းကြီးများ၏ အမိန့်တော်မြတ်ဖြစ်သောကြောင့် မငြင်းသာဘဲ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ကြားနေမဲများကို လက်နှင့်ပင် ရေတွက်ကြရရှာ၏။ မသေချာမည်စိုးသဖြင့် စစ်ဆေးရေ - ၁၊ စစ်ဆေးရေး - ၂၊ စစ်ဆေးရေး - ၃ ဟူသော ကောင်းကင်တမန် နတ်သမီးအဖွဲ့များကို ဖွဲ့စည်းရပြန်၏။ မဲမှာ စကြဝဠာအနန္တမှ ကောင်းကင်တမန် နတ်မင်းအနန္တတို့၏ မဲများ ဖြစ်သဖြင့် ရေတွက်ချိန်မှာ လူတို့၏ သက်တမ်းအားဖြင့် နှစ်ပေါင်း သန်းပေါင်း ထောင်ပေါင်းများစွာ ကြာ၏။

mgyoe.com

mgyoe.com


ထိုအချိန်တွင် လူသားဟူ၍သာရှိပြီး လူယောကျ်ား၊ လူမိန်းမဟူ၍ မရှိလေတကား။ ထို့အပြင် ဘုရားသခင်က ပေးသနားထားသော အတိုင်းမသိ အသက်ရှည်ခြင်းရှိရကား အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို ထိုလူသားသည် သိရန်ဝေးစွနားမျှ လေသံကြားရုံပင် မကြားဖူးလေတကား။ စားရန်အတွက် လည်းကောင်း၊ နေထိုင်ရန်အတွက် လည်းကောင်း၊ ပူပန်သောကရောက်စရာ အကြောင်းလည်းလုံးဝဥဿုံ မရှိလေတကား။ ထို့ကြောင့် အလုပ်အကိုင်လုပ်ရန်လည်း မလိုအပ်ပေ။ စားစရာ သစ်သီး၊ သစ်ဥ၊ သစ်ဖုတို့သည်လည်း အလျှံပယ်ကြွယ်ဝနေ၏။ လူသားသည် မိုးရွာသောအခါ၌ အလွန်နွေးထွေးသော ဂူအတွင်း၌ နေ၏။ တစ်ခါတစ်ရံမိုးရွာထဲ လျှောက်ဆော့၏။ ဆောင်းရာသီတွင် ဥတုသပ္ပာယမျှတသော မြေပြန့်လွင်ပြင် မြက်ခင်းကြီးများကြား၌ နွား၊ သိုး၊ ဆိတ်၊ မြင်း အစရှိသော သတ္တဝါများနှင့်အတူအကွ ကစားခုန်စားလျက်နေ၏။ ညဥ့်အခါ ဂူထဲဝင်၍ ထူထဲလှသော နူးညံ့လှသော ကောက်ရိုးမျှင်စောင်ကြီးကို ခြုလျက် နူးညံ့သော မြက်မွေ့ရာကြီးပေါ်တွင်အိပ်စက်အနားယူ၏။ နွေအခါ၌မူ ပင်လယ်ကမ်းစပ်များသို့ လှည့်လည်လျက်ခရုကလေးများ၊ ကြယ်ငါးလေးများ အစရှိသော ပင်လယ်သတ္တဝါကလေးများနှင့်မြူးတူးပျော်ပါးနေ၏။

ဤသို့နှင့် နှစ်ပေါင်း သန်းပေါင်း ထောင်ပေါင်းများစွာ ပျော်ရွှင်စွာ နေထိုင်ပြီးသောအခါ ကောင်းကင်တမန် နတ်သမီးများ၏ လက်နှင့် ရေတွက်ရသော အနန္တသဘောဆောင်သည့် မဲများကို ရေတွက်စစ်ဆေး ပြီးစီးလေသည်။

အဖြေမှာ ကောင်းကင်ဘုံ ကွန်ပျူတာကြီး၏ ရေတွက်ခဲ့မှုနှင့် အတူတူပင်ဖြစ်လေသည်၊ ကောင်းကင်ဘုံ ကွန်ပျူတာကြီးဟု ဆိုရသော်လည်း အရွယ်အစားမှာဖန်ဆင်းရှင်သခင်၏ တန်ခိုးတော်ကြောင့် အဏုမြူမှုန်အက်တမ်၏ အရွယ်အစားမျှသာ ရှိလေသည်။

ကောင်းကင်ဘုံ နတ်ပိမယ်များသည် လက်နှင့် ရေတွက်ရန် အဆိုတင်သွင်းခဲ့သော ကောင်းကင်တမန်များကို အလွန်လှပသော မျက်စောင်းကလေးများ ထိုးလိုက်ခြင်းဖြင့်ပင် ကျေနပ်လိုက်ရရှာလေသည်။

ထိုအခါ နောက်ဆုံး အဆုံးအဖြတ်ပေးမည့်မဲမှာ ဖန်ဆင်းရှင်သခင်၏ လက်တော်ထဲ၌ရှိသော မဲတစ်ပြားသာလျှင် ဖြစ်လေသတည်း။

ဖန်ဆင်းရှင်သခင်သည် အဂ္ဂဘုံ နတ်သဘင်တစ်နေရာ၌ ထိုင်နေသော မာရ်နတ်ကို လှမ်း၍ ကြည့်တော်မူ၏။ မာရ်နတ်သည် ကောက်ကျစ်စဉ်းလဲသူ ဖြစ်လေရကား စိတ်လက်မကြည်လင် ညှိုးငယ်စွာသော မျက်နှာထားမျိုး ဆောင်လျက်

mgyoe.com

နေ၏။

မေတ္တာတော်အနန္တ ကြီးမားတော်မူသော ဖန်ဆင်းရှင်သခင်သည် မဟူရာဆေတန်နတ်ကို သနားတော်မူခြင်းအဖြစ်သို့ ရောက်ရှိလေသည်။ ထို့ကြောင့် ဆေတန်နတ်တင်ပြသော အဆိုကို ထောက်ခံသည့် မဲပုံးထဲကို မိမိ၏ အဆုံးအဖြတ်မဲကို ထည့်လိုက်လေသတည်း။

ထို့နေ့သည် အဖိတ်နေ့ဖြစ်၏။ မဟူရာ ဆေတန်နတ်သည်လည်း လူနှင့် လောကကြီးအား မဖျက်ဆီးပါဟု နတ်သဘင်အစည်းအဝေး၌ ခံဝန်ကတိလက်မှတ်ရေးထိုးလိုက်လေ၏။

ဥပုသ်နေ့တွင် ထာဝရ ဖန်ဆင်းရှင်သခင် အနားယူတော်မူမည်ဖြစ်၏။ ထို့ကြောင့် ထိုအဖိတ်နေ့ ညတွင်းချင်းပင် မြင့်မြတ်လှစွာသော မဟာမေတ္တာတော်ရှင်၊ ထာဝရ ဖန်ဆင်းရှင်သခင်သည် လူသားအား ကိုယ်တော်မြတ်၏ ထက်ဝက်ရှိသော ဖန်ဆင်းနိုင်သော စွမ်းပကားကို ထည့်သွင်းပေးသနားလိုက်လေ၏။

သို့ရာတွင် မဟူရာမာရ်နတ်မင်းအား စိတ်မချသောကြောင့် မာရ်နတ်၏ နတ်ဗိမာန်၌ အစောင့်အကြပ်ထူထပ်စွာ ချထားလိုက်သည်။

မာရ်နတ်မင်းသည် ဉာဏ်နီဉာဏ်နက်များရာ၌ ချန်ပီယံ စပါယ်ရှယ်လစ်ပါရဂူပြောက်သောကြောင့် ဖန်ဆင်းရှင်သခင်က လျှို့ဝှက်ချထားသော အစောင့်အကြပ်များ မြင်သာအောင် အဖိတ်နေ့ညည၌ ကောင်းမွန်စွာ စည်းစိမ်ခံစားပြီး အိပ်စက်၏။

ဥပုသ်နေ့ တစ်နေ့လုံးလည်း 'ငါသည် ဖျက်ဆီးခြင်းငှာ မစွမ်းသာတော့ပါတကား' ဟု အကြိမ်ကြိမ် ညည်းညူပြီးနောက် အလွန့်အလွန် စိတ်ညစ်ညူးဟန်ဆောင်၏။ ဥပုသ်နေ့ ညနေသို့ရောက်သောအခါ မဟူရာမာရ်နတ်မင်းသည် ဖျက်ဆီးမှုကို မပြုရတော့ပြီ ဖြစ်သောကြောင့် အလွန်စိတ်ညစ်ကြောင်း အကြောင်းပြကာ သေရည်များကို အလွန်အကြူး သောက်လေသည်။ သို့ရာတွင် မာရ်နတ်မင်းသည် အလွန်ပါးနပ် ကောက်ကျစ်သူဖြစ်ရကား သေရည်များ မသောက်မီ အခြားမည်သူမျှ မမြင်နိုင်သော ခန်းမဆောင်သို့ ဝင်၍ ထောပတ်တစ်အိုးလုံး သောက်ချထား၏။ ထို့ကြောင့် သူသောက်သော သေရည်များမှာ ယစ်ရုံမျှပင် မယစ်လေတကား။

(မှတ်ချက် ။ ။ အမှန်မှာ ပထမ သေရည်တစ်အိုးသာ အစစ်ဖြစ်ပြီး နောက်ထပ် သောက်သော သေရည်များမှာ ရေနွေးကြမ်းနှင့် အိုပီနည်းနည်း ရောပြီး သေရည်နံ့ ထည့်ထားခြင်းသာဖြစ်၏။ ထိုနည်းကို မသမာသူများက

mgyoe.com

mgyoe.com
ရရှိသွားသဖြင့် ရိုးရိုးအရက်ပြင်းကို ဝီစကီနှံ့ ထည့်ကာ ဝီစကီလုပ်၍ ရောင်းလေသတည်း။)

မဟူရာ မာရ်နတ်မင်းသည် သေရည်မူးဟန်ဖြင့် အကြီးအကျယ် ငိုကြွေးဟန်ပြု၏။ 'ဖျက်ဆီးခြင်းကို စွန့်လွှတ်လိုက်ရပြီ တကား' ဟူ၍လည်း အကြိမ်ကြိမ် ရွတ်ဆိုသည်။ ထို့နောက် အလွန်အကျွံ ယစ်မူးပြီး အရမ်းပေါက်သွားဟန်ဖြင့် မိမိ ဝိမာန်ကြမ်းပြင် ပါရှင်မွေးပွပေါ်၌ လှဲချလိုက်သည်။ အော့အန်ဟန် ပြု၏။ မဟူရာ ဆေတန်နတ်မင်း၏ ကြင်ယာတော်နှင့်တကွ အစေအပါးနတ်များသည် ဆေတန်နတ်ကြီးအား ပွေ့ယူပြီး စက်ရာအခန်းဆောင်သို့ ပို့လိုက်၏။ (ပါးနပ်ကောက်ကျစ်သူတို့သည် မိမိ၏ အကြံဉာဏ်အား ဇနီးကြင်ယာကိုပင် ဖွင့်ပြောလေ့ မရှိပေ။)

ထိုအဖြစ်အပျက်ကို ဖန်ဆင်းရှင်သခင်၏ 'အထောက်တော် လှအောင်ခေါင်းဆောင်သော အထောက်တော်များ တွေ့မြင်သိရှိသွားသောအခါ စိတ်ချသွားကြလေသည်။ (ဤဘဒ္ဒကမ္ဘာပေါ် လာသောအခါ အထောက်တော် လှအောင်နှင့် အဖွဲ့သည် သတင်းဂျာနယ်ထုတ်ဝေခဲ့လေသတည်း။) မိမိတို့ အော်ဒီယို တယ်လီစကုပ်များဖြင့် စောင့်ကြပ် ကြည့်ရှုရသည်မှာ အချိန်မလပ်ဖြစ်သဖြင့် မျက်စိညောင်း နားညောင်းကာ ခေတ္တခဏမျှ အပန်းဖြေကြလေသည်။

ထိုအခွင့်ကောင်းကို ဆေတန်နတ်မင်းသည် အသုံးချ၍ မိမိ၏ အိပ်ခန်းဆောင်မှ အသာလစ်ထွက်ခဲ့၏။ သာမန်အခိုင်းအစေ နတ်တမန်၏ နတ်ဝတ်တန်ဆာ(တံခါးစောင့် ယူနီဖောင်း)ကို ဝတ်ပြီးနောက် လူ့လောကကို ဆင်းသက်လာလေတော့သည်။

☼ ☼ ☼

ထိုညသည် တစ်ခုသော လပြည့်ညဖြစ်၏။ ကောင်းကင်၌ မိုးသားတိမ်တိုက်များ၊ နှင်းမှုန်များ ကင်းစင်လျက်ရှိပြီး ကြယ်တာရာများသည်လည်း မှိတ်တုတ်မှိတ်တုတ် လင်းလက်လင်းလက်နှင့် လပြည့်ဝန်းကြီးကို ဝိုင်းရံခစားကာ အလွန့်အလွန် ကြည်နူးဖွယ်ကောင်းသော ညတစ်ညဖြစ်လေသည်။

မဟူရာ ဆေတန်နတ်မင်းသည် လူ့လောကမြေပြင်ကို ရောက်သောအခါ သူတစ်ကိုယ်ရေ လုံခြုံရေးအတွက် လျှို့ဝှက်ယူဆောင်လာသော အသိန်းအသန်းမက ရန်သူများကို ဖြိုခွင်းနိုင်သည့် ဆိုင်လင်ဆာတပ် ဝရဇိန်အက်တမ်းမစ် ပစ္စတိုကို ပေါင်ရင်း၌ ဝှက်၍ ချိတ်ထားပြီးသကာလ တိုးတိတ်ညင်သာသော ခြေသံလုံလုံဖြင့် လူသားနားသို့ ကပ်ရောက်လာ၏။
mgyoe.com

mgyoe.com


လူသားသည် သူ့အနားသို့ ရောက်လာသော မမြင်ဖူးသည့် သူစိမ်း တစ်ယောက်ကို မြင်လိုက်ရသဖြင့် အံ့ဩတုန်လှုပ်သွား၏။ မာရ်နတ်မင်းသည် ထိုအဖြစ်ကို သိသဖြင့် 'မကြောက်ပါနဲ့ မိတ်ဆွေ၊ ကျွန်ုပ်ဟာ သင့်ရန်သူမဟုတ်ပါ' ဟု ပြော၏။ သို့ရာတွင် ထိုအချိန်၌ လူသားသည် စကားပြောသော အတတ်ကို တတ်မြောက်ခြင်း မရှိလေရကား အလွန်ထူးဆန်းသော အသံကို ပြုတတ်သည့် ထိုသတ္တဝါ (မာရ်နတ်မင်း)အား ပိုမို ထိတ်လန့်အံ့ဩခြင်း ဖြစ်မိရှာလေသည်။

မဟူရာ ဆေတန်နတ်မင်းသည် ထိုအခြင်းအရာကို ချက်ခြင်း သဘောပေါက်၏။ ထို့ကြောင့် လူသားနားလည်နိုင်မည့် ဘာသာစကားကို သူ၏ အိတ်ဆောင် မီနီလက်ပတော့ ကွန်ပျူတာသေးသေးလေးဖြင့် ရှာလိုက်၏။ လူသားအနှစ်ခြိုက်ဆုံး သဘောကျဆုံး ဘာသာစကားမှာ ငှက်ကလေးများ တေးသီခြင်း ဖြစ်ကြောင်းကို မာရ်နတ်၏ မီနီကွန်ပျူတာက အဖြေထုတ်ပေး၏။ ဆေတန်နတ်မင်းကား လျှော့တွက်၍ရသော ပုဂ္ဂိုလ်မဟုတ်ပေ။ သူသည် ကျေးငှက်တို့ တေးသီသောအသံကိုပြု၍ သူသည်လည်း ငှက်ကလေးများကဲ့သို့ပင် လူသား၏ မိတ်ဆွေဖြစ်ကြောင်း ပြောပြလေသည်။

လူသားသည် မိမိမကြားဖူးသော ငှက်တစ်မျိုး၏ တေးသီသံဟု ထင်မှတ်ပြီး ဆေတန်နတ်နှင့် မိတ်ဆွေဖြစ်သွားလေတော့သည်။

ထိုအချိန်သည် ဥပုသ်နေ့ည ဖြစ်၏။ ထာဝရ ဖန်ဆင်းရှင်သခင်သည် သူ၏ လျှို့ဝှက်အထောက်တော်များ၏ တင်ပြချက်အရ မာရ်နတ်မင်း သေရည်မူးပြီး အိပ်ပျော်သွားကြောင်းကို သိရ၏။ သို့သော် ကိုယ်တိုင် စစ်ဆေးတော်မူလိုသဖြင့် 'မာရ်'၏ ဗိမာန်ရှိ စက်ရာခန်းဆောင်ကို တန်ခိုးတော်ဖြင့် ကြည့်တော်မူ၏။

မာရ်နတ်မင်းကား နတ်ပါးကြီးဖြစ်၏။ သူ၏ ပုံတူကိုယ်ပွား (ကလုံး)တစ်ခု ဖန်ဆင်းပြီး သူ့စက်ရာခန်းဆောင်၌ မူးမူးရူးရူးနှင့် ပိုးလိုးပက်လက်လန်ကာ အိပ်မောကျနေသော ဆေတန်နတ် ကိုယ်ခန္ဓာအတု (ကလုံး)တစ်ခုကို ဖန်ဆင်းထားရစ်ခဲ့၏။

ဖန်ဆင်းရှင်သခင်သည် လွန်စွာမှ ဖြူစင်သန့်ရှင်းတော်မူ၏။ မူးမူးရူးရူးနှင့် ပက်ပက်စက်စက်အိပ်နေသော ဆေတန်နတ်မင်း၏ ပုံတူကိုယ်ပွား (ကလုံး)ကို တာရှည် စစ်ဆေးကြည့်ရှုတော်မူခြင်း မရှိပေ။ အော့နှလုံးနာဖွယ်မြင်ကွင်းကို ထာဝရ ဖန်ဆင်းရှင်သခင်သည် နှစ်ခြိုက်တော် မမူ။ ထို့ကြောင့် အလျင်အမြန် မျက်နှာလွှဲတော်မူပြီး အိပ်စက်အနားယူခြင်း ပြုတော်မူလိုက်၏။

✿ ✿ ✿

mgyoe.com

mgyoe.com

ထိုခဏ၌ လူနှင့် မဟူရာဆေတန်နတ်သည် မိတ်ဆွေဖြစ်ပြီးနောက် အလွန်လှပသာယာသော ည၏ ကောင်းကင်ပြင်ကို နှစ်ဦးသား မော့ကြည့်လျက်ရှိ၏။ ဆေတန်နတ်သည် (ငှက်ကလေးတွေ တေးသီသော ဘာသာစကားကို အသုံးပြုလျက်ပင်) အလွန်သာယာ နာပျော်ဖွယ်ကောင်းသော အသံဖြင့် လူသားကို ဤသို့ ပြောကြား၏။

'အိုးမိုင်ဖရဲင်း၊ ဒီလိုညမျိုးရဲ့ ကောင်းကင်ပြင်ကြီးဟာ အလွန်တရာမှ လှပဆန်းကြယ်လှပါသည် အကြည်တော်'

'ဟုတ်ပါပေသည် အကြည်တော် မိုင်ဖရဲင်း'

'ရက်စ် မိုင်ဖရဲင်း။ အိုင် - အဂရီး။ အိုင်ဖီးလ်အစ်တ်၊ ကျွန်ုပ်လည်း ထိုသို့ပင် ခံစားရပါ၏။'

'ထာဝရ ဖန်ဆင်းရှင်သခင်သည် ကျေးဇူးတော် အနန္တပေတကား'

'ဟုတ်ပေသပေါ့ မိတ်ဆွေ'

ထို့နောက် ဆေတန်နတ်မင်းသည် ကြယ်စင်မရှိသော ညဥ့်ကောင်းကင်၏ ကွက်လပ်တစ်နေရာကို ညွှန်ပြ၍-

'ကြည့်စမ်းပါဦးတော့ မိတ်ဆွေ၊ ဟောဟိုနေရာလပ်ကလေးမှာ ကြယ်စင်ပြိုးပြက်လက်လက်ထနေတဲ့ ကြယ်ကလေးနှစ်စင်း၊ သုံးစင်းလောက်ရှိရှင် မကောင်းပေဘူးလား'

'အေးဗျာ - ရှိရင်တော့ ကောင်းပါရဲ့။ ဒါပေမဲ့ ဖန်ဆင်းရှင်သခင်က အဲဒီနေရာကို အကြောင်းမဲ့ ချန်လှပ်ထားခဲ့သည်တော့ မဟုတ်တန်ရာပါ မိတ်ဆွေ'

'ဒါတော့ ဟုတ်ပါရဲ့ မိတ်ဆွေရယ်။ သို့ပါသော်ငြား ဖန်ဆင်းရှင်သခင်က အသင်လူသားအား ကိုယ်တော်မြတ်၏ ထက်ဝက်မျှသော ဖန်ဆင်းနိုင်တဲ့ စွမ်းပကားကို ထည့်သွင်းပေးထားသည် မဟုတ်ပါလား'

'ဟုတ်ရဲ့လား မိတ်ဆွေရယ်။ ကျုပ် ဒီလူ့လောကမှာ နေလာခဲ့တာ နှစ်ပေါင်းသန်းပေါင်း၊ ထောင်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ဖန်ဆင်းနိုင်တယ် ဆိုတာကို မကြားဖူးပါဘူးဗျာ'

'ဒီလိုလေ မိတ်ဆွေရဲ့။ ဖန်ဆင်းတယ်ဆိုတာက ကိုယ်ဖြစ်စေချင်တာကို ဖြစ်စေသတည်း ဆိုလျှင် ပြီးစတမ်းပဲဗျာ'

'ဟုတ်ရဲ့လား မိတ်ဆွေကြီးရယ်'

'သိပ်ဟုတ်တာပေါ့ဗျာ။ ခင်ဗျားမယုံရင် အဲဒီ ကောင်းကင်ကွက်လပ်မှာ ကြယ်ကလေးတွေ ဖန်ဆင်းကြည့်ပါလား'

mgyoe.com

'ဖန်ဆင်းတဲ့ နည်းပညာ တကွန်ိုလိဂျီကို ကျွန်ုပ်မသိသေးဘူး မိတ်ဆွေကြီး ရယ်'

'အလွယ်လေးပါဗျာ။ ထိုကောင်းကင်ကွက်လပ်၌ ကြယ်သုံးပွင့် ဖြစ်စေ သတည်း' လို့ သင်က ရေရွတ်လိုက်ရုံနဲ့ ကြယ်တွေ ဖြစ်ထွန်းလာမှာပါ'

'တကယ်ပဲလား မိတ်ဆွေ'

'မယုံရင် စမ်းကြည့်ပေါ့ဗျာ'

လူသားသည် ထာဝရ ဖန်ဆင်းရှင်သခင်က မိမိအား ဖန်ဆင်းနိုင်သော စွမ်းပကား ထည့်သွင်းပေးထားကြောင်းကို အရိပ်အမြွက်လောက်တော့ သိပါ၏။ သို့ရာတွင် သေသေချာချာ လက်တွေ့စမ်းသပ်မှု (ပရက်တီကဲလီး အပလိုင်း) မလုပ် ဖူးသေးပေ။ ထို့ကြောင့် ဖန်ဆင်းကြည့်ချင်စိတ် ပေါ်လာ၏။ လူသားသည် ဤသို့ ဟစ်ကြွေးလိုက်၏။

'အို - အသင်လောက၊ ယခုည ကောင်းကင်ပြင်၏ ကွက်လပ်တစ်နေရာ၌ ကြယ်ပွင့်ခြောက်ပွင့် ဖြစ်ထွန်းပေါ်ပေါက်ပါစေသတည်း' ထိုစကားမဆုံးမီမှာပင် ကြယ်ပွင့်သစ်သုံးပွင့်သည် ညဥ့်ကောင်းကင်တစ်နေရာ၌ ပေါ်ထွန်းလာ၏။ လူ သားက 'ကျုပ်က ကြယ်ပွင့်ခြောက်ပွင့် ဖန်ဆင်းတာ ဘယ့်နှယ် သုံးပွင့်တည်း ဖြစ် လာရပါလိမ့် 'ဟု ပြော၏။ ဆေတန်နတ်က 'ဖန်ဆင်းရှင်သခင်က သင့်ကို ဖန် ဆင်းအား ထက်ဝက်သာ ပေးသနားထားသည်ကို သင် မသိပေဘူးလား'။

'ဒါဆိုလည်း မဆိုးပါဘူး'

ဟု လူသားက ပြော၏။ ထို့နောက် ဆေတန်နတ်မင်းသည် လူသားအား ဤသို့ မြောက်ပင့်ပြောဆိုလေသည်။ (ထိုအချိန်မှစ၍ အမြောက်ကြိုက်တတ်လာ ကြကုန်သတည်း။)

'အို အံ့ဖွယ်ကောင်းအောင် စွမ်းပကားကြီးလှသော အသင်လူသား၊ ဤအရာ ကား မဖြစ်စဖူး ထူးကဲပေစွတကား။ ထူးကဲပေစွတကား။ ထူးကဲအံ့သြဖွယ် အတိ ဖြစ်လေစွတကား။ (မာရီကဲလ်၊ ဗဲရီ ဗဲရီ မာရီကဲလ်၊ ဗဲရီးဝမ်းဒါးဖူးလ်၊ အိုင်နဲဗား ဆင်းန်ဘီဖိုး)'

ထိုအသံကို ကြားရသော လူသားသည် 'မြောက်' သွားလေ၏။

'မိတ်ဆွေကြီး၊ ကျွန်ုပ်၌ ဤကဲ့သို့ စွမ်းပကားကြီးမားသည်ကို ကျွန်ုပ်ကိုယ်၌ပင် မသိ။ သင်သည် မိတ်ဆွေကောင်းပီသစွ၊ ကျွန်ုပ်အား လမ်းစဖော်ပေးခဲ့လေပြီ။ ခမ်းပွန်ရှိခ်ဟင်း'

မဟူရာမာရ်နတ်နှင့် လူသားသည် လက်ဆွဲနှုတ်ဆက်လိုက်ကြ၏။ မာရ်နတ်

mgyoe.com

mgyoe.com

ကြီးသည် ထပ်မြှောက်ပေးပြန်၏။

'အို လူသားမိတ်ဆွေ၊ ညဥ့်လယ်ယံကောင်းကင်၌ နက်မှောင်နေသော အခြားနေရာကွက်လပ်များလည်း ရှိပါသေး၏။ သင်သည် ထာဝရဖန်ဆင်းရှင်သခင်၏ ထက်ဝက်ခန့် ဖန်ဆင်းနိုင်စွမ်းရှိသူ ဖြစ်ပေသောကြောင့် သင်၏ ဖန်ဆင်းနိုင်စွမ်း အဘီလတီကို ထပ်၍ ဒီမှော့န် စထရိတ်လုပ်ပြပါဦးလော့။ အကျွန်ုပ်သည် သင်၏ ဂုဏ်ထူးဆောင် ပွဲကြည့်ပရိသတ်အနေဖြင့် ဩဘာနပ်စ် လုပ်ပါရစေ။ ဝမ့်စမိုး မိုင်ဖရဲင်း၊ ဝမ်းစမိုး'

လူသားသည် ဘဝင်မြင့်သထက် မြင့်သွား၏။ ထို့နောက် ဤသို့ ပြောကြားလေသည်။

'အိုး မိုင် ဂက်စ် အော့ဖ် အောနား။ ကျွန်ုပ်၏ ဂုဏ်ထူးဆောင် ညွှသည်တော်ကြီး အကျွန်ုပ်၏ ဖန်ဆင်းနိုင်စွမ်းကို ရှုပေဦးလော့။ လက်တ်အပ်ဆီးသည် ဂရိတ် မာရီကဲလ်'

လူသားသည် မတ်တတ်ထရပ်၏။ ခြေထောက်ကို ကားလိုက်၏။ ခေါင်းကို မော့၏။ လက်နှစ်ဖက်ကို ကောင်းကင်သို့ ဆန့်တန်း၏။ အောင်မြင်လှစွာသော ကရဝိက်သံ၊ ကြိုးကြာသံကို ပြု၍ ဤသို့ ဟစ်ကြွေးပြန်၏။

'အို အသင်လောက၊ ဤ ညဥ့်လယ်ယံကောင်းကင်ပြင်၌ရှိရှိသမျှ ကုန်သော နေရာလပ်မှန်သမျှ၌ ပြိုးပြက်လက်ထသော ကြယ်များသည် တစ်ခဏချင်း၌ ဖြစ်စေသတည်း။ ဥုံဖွ၊ ဩြောင်း အပ်ချလောင်း'

တစ်ခဏချင်းပင်လျှင် ကောင်းကင်တစ်ပြင်လုံး၏ ထက်ဝက်မျှ နေရာလပ်၌ မွစိတက်အောင် ကြယ်တာရာများ ထွန်းလင်းပေါ်ပေါက်လာကြလေသည်။

မဟူရာ မာရ်နတ်မင်းသည် လက်ခုပ်ဩဘာပေးရင်း ဂုဏ်ပြု၏။

'ဘရာဗိုး၊ မိုင်ဖရဲင်း၊ ယူအာဝဲရီးမတ် ချအလိုက်သီ ခရီယေးတား၊ အသင်လူသား သင်သည်ကား အလွန့်အလွန်မှ ဖန်ဆင်းစွမ်း အားကြီးမား လှပါပေစွ။ ထာဝရ ဖန်ဆင်းရှင်သခင်နှင့် ထပ်တူနီးပါး ဘုန်းတန်ခိုး အာနုဘော် ကြီးပါပေစွ။ ဝုဒ်ယူနိုင်းဒလီးဟက်ပ်သ် ဒင်းနား ဝစ်သ် မီးပလီးစ်၊ ကျွန်ုပ်နှင့်အတူ ညစာသုံးဆောင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အိုဘယ့် စွမ်းအားရှင်'

လူသားသည် အကျေနပ်ကြီး ကျေနပ်ပြီးနောက် မဟူရာဆေတန် နတ်မင်းနှင့်အတူ ညစာစားပွဲ သုံးဆောင်လေ၏။ လူသားသည် သူ၏ သစ်သီး၊ သစ်ဥ၊ သစ်ဖုများ၊ နို့များနှင့် သစ်သီးဖျော်ရည်များကို တည်ခင်း၏။

မဟူရာ ဆေတန်နတ်သည် ခါးကြား၌ ထိုးထည့်လာသော ရှမ်ပိန်ပုလင်း

mgyoe.com

mgyoe.com


ကို ထုတ်၏။ ရေခဲငွေဖလားကို ဖန်ဆင်း၏။ ရေခဲစိမ် ရှမ်ပိန်ပုလင်းကို လှုပ်ယမ်းပြီးနောက် ဖောင်ခနဲ ပြည်အောင် ဖွင့်လိုက်၏။ အမြှုပ်များနှင့် လူသားကို ပက်၏။ လူသားကလည်း ပြန်ပက်၏။

'ဘာအရည်တွေလဲ မိတ်ဆွေ'

'နတ်သုဒ္ဓါရည် ဖြစ်ကြောင်းပါ အို လူသား၊ သုံးဆောင် ကြည့်စမ်းပါဦးလော့'

လူသားသည် ပြောက်ကြွ ပြောက်ကြွ ဖြစ်နေသောကြောင့် ရှမ်ပိန်ခွက်ကို ယူ၍ မော့လိုက်၏။ ချိုမြမြ၊ ခါးသက်သက်၊ ချဉ်တင်တင် အရသာထူးကို ခံစားရ၏။ လူသားသည် ဆေတန်၏ ရှမ်ပိန်ကို စွဲသွားလေပြီ။ တစ်ခွက်ပြီးတစ်ခွက် သောက်ပစ်လိုက်ဘည်။ ခွပ်ထွေထွေ ဖြစ်လာသောအခါ မာရ်နတ်မင်းသည် လူသားအား လသုံးစင်း ထပ်မံဖန်ဆင်းရန် တိုက်တွန်းပြန်၏။

လူသားကလည်း -

'အိုခေ၊ အိုခေ - ခမ်းမွန်၊ အနားသား ဆစ်ခ်စ် နမ်ဘားအော့ဖ် မွန်းရိုက်စ်ဟာရီး ကွစ်ကလီး၊ အို အသင်လောက၊ မဟာလူသား ငါ၏အမိန့်ကို နာခံလော။ ဤအဇ္ဈောကောင်းကင်၌ လမင်းခြောက်စင်း ထပ်မံထွန်းလင်းစေ၊ အပ်ချလောင်း ဩြောင်းမ်. . .'

နောက်ထပ် လမင်းသုံးစင်း ချက်ချင်းထွန်းလင်းလာ၏။ လဟူသည် ကမ္ဘာနှင့် အနီးဆုံးဖြစ်၍ လသုံးစင်း၏ ဆွဲငင်အားကြောင့် စကြ္ကန့်ပိုင်းအတွင်းပင် ပင်လယ် ဒီရေသည် သုံးဆမျှ တက်လာ၏။ ထိုအခါ လူသားနှင့် ဆေတန်နတ်တို့နေရာ အနီးအနားအထိ ပင်လယ်ဒီရေများ တက်လာကြလေသည်။

လူသားသည် ရုတ်တရက် လန့်သွားပြီး 'ဗုက်စ် ဂိုးရင်းအွန်၊ ဘာတွေဖြစ်ကုန်တာလဲ။ ပင်လယ်ကမ်းစပ်က ကျုပ်တို့နား ရောက်လာပါရောလား မိတ်ဆွေကြီးရဲ့'

ဆေတန်နတ်မင်းက အခြေအနေကို သိ၏။ သို့ရာတွင် ရေလွှမ်းရုံနှင့် လုံးဝ ပျက်သုဉ်းခြင်း မဖြစ်နိုင်သဖြင့် ဤသို့ နှစ်သိမ့်၏။

'မိတ်ဆွေကလည်းဗျာ။ ပင်လယ်ကမ်းခြေကို အပင်ပန်းခံမသွားဘဲ ပင်လယ်ကမ်းခြေက ကျုပ်တို့နားရောက်လာတာ ဘယ်လောက်ကောင်းသလဲ။ ပင်လယ်ကို ခေါ်ယူလိုက်တဲ့ သဘောပေါ့ဗျာ။ မဟုတ်ဘူးလား။ အဲမ် အိုင် ရိုက်၊ ကျွန်ုပ်ပြောတာ မမှန်ဘူးလား'

'အိုး သွက်စ်ရိုက်၊ မှန်တယ်၊ မှန်တယ်။ ပင်လယ်ကမ်းစပ်ကိုတောင် ကျုပ်တို့

mgyoe.com

mgyoe.com

အနား ရောက်လာအောင် ကျုပ်လုပ်နိုင်သားပဲ။ ဂွဒ်၊ ဂွဒ်၊ ဇဲဒီးဂွဒ်'

ဟု ပြောလေသည်။ ထို့နောက် လူသားက -

'အောလ်ရိုက် မိုင်ဖရဲင်း လက်တ်စ် ဒန့်စ်၊ ကကြရအောင် မိတ်ဆွေကြီးရယ်'

ဟု ပြော၏။

မဟူရာ မာရ်နတ်မင်းသည် လူသားအား ချော့ရမည့်အခြေအနေ ဖြစ်ကြောင်း သိသဖြင့် လူသားနှင့် တွဲ၍ က၏။ (မျောက်ခုန် ခုန်ခြင်းမျှသာ ဖြစ်ပါသည်။)

ခုနစ်စဥ်ကြယ်ပြောင် အမြီးထောင်လေပြီ။ ဆေတန်နတ်မင်းသည် ညတွင်းချင်း ကိစ္စပြတ်အောင် ဆောင်ရွက်ရမည်ကို သိ၏။

နံနက်မိုးသောက် အရုဏ်ရောက်သည်နှင့် ထာဝရ ဖန်ဆင်းရှင်သခင် အိပ်စက်အနားယူရာမှ ထမြောက်တော်မူမည် ဖြစ်၏။ ယခု လူသားကို မြှောက်ပေးထားသဖြင့် ဘဝင်လေဟပ်ပြီး လူသားဖန်ဆင်းလိုက်သော ကြယ်အများစုကြီးမှ အပူနှင့် အလင်းတို့သည် ကမ္ဘာကြီးဆီသို့ စတင်ခရီးနှင်လာနေပြီ ဖြစ်၏။

သို့ရာတွင် နေစကြဝဠာနှင့် အနီးဆုံးဖြစ်သော ဒင်ဒရိုမီးဒါးကြယ်စုမှ အပူနှင့် အလင်းပင်လျှင် လူတို့သတ်မှတ်သော အချိန်အရ အလင်းနှစ် နှစ်ပေါင်း နှစ်ရာ့လေးဆယ်လောက်ကြာမှ ကမ္ဘာမြေသို့ ထိုအပူများ၊ အလင်းများ၊ သံလိုက်စက်ကွင်းများ ရောက်မည်ဖြစ်၏။ နောက်ထပ် လူသားဖန်ဆင်းသော ကြယ်များထံမှ အပူနှင့် အလင်းသည် အလင်းနှစ် ရာပေါင်းများစွာကြာမှ ကမ္ဘာမြေ လူ့လောကသို့ ရောက်မည်ဖြစ်၏။ ထိုအချိန်ကျမှသာ ထိုအပူဓာတ်များ၊ အလင်းဓာတ်များကြောင့် ကမ္ဘာကြီး ပျက်စီးမည်ဖြစ်၏။ ထို့ကြောင့် အနီးဆုံး လောင်စာကို စဥ်းစား၏။ 'နေမင်း'၊ ဟုတ်ပြီ နေမင်း နောက်တစ်စင်း ထပ်ဖန် ဆင်းခိုင်းလိုက်လျှင် ရှစ်မိနစ်အတွင်း အပူနှင့် အလင်းသည် ကမ္ဘာမြေပေါ်၌ နှစ်ဆတိုးပွားသွားပေလိမ့်မည်။ နောက်ထပ် ရှစ်မိနစ်အတွင်း လောကကြီး ပျက်စီးသွားမည်ဖြစ်ကြောင်း ဆေတန်နတ်မင်းကြီး သိ၏။ ထို့ကြောင့် . . . ထို့ကြောင့် ဆေတန်နတ်ကြီးသည် လူသားနှင့်တွဲ၍ မျောက်များကဲ့သို့ ခုန်ဆွ ခုန်ဆွ ကခုန်ရင်း ဤသို့ ပြော၏။

'အို အံ့ဖွယ် ဖန်ဆင်းစွမ်းအင်ရှင် မဟာလူသား၊ ညကို နေ့ဖြစ်အောင် သင် မပြုနိုင်ပြီလော'

ဟု မေး၏။

မူးရူး မြူးတူးနေပြီဖြစ်သော လူသားသည် မဆိုင်းမတွပင် -

'အိုး မိုင် ဒီယား၊ ရက်စ်တ် ခေါမ် ရိဒ်၊ ချစ်လှစွာသော ရဲဘော်ကြီး၊ ကျွန်ုပ်

mgyoe.com

mgyoe.com


မလုပ်နိုင်တာ မရှိပြီဆိုသည်ကို ရဲဘော်ကြီး မသိလေသလော။ ယခုပင် ကြည့်လော့'

ဟု ပြောပြီးနောက် -

'ဩောင်း - အပ်ချလောင်း၊ ညသန်းခေါင်၌ နေမင်းနှစ်စင်း ထွက်ပြူစေ'

ချက်ချင်း နေတစ်စင်း ထွက်လာ၏။ လင်းထိန်သွားသည်။ မဟူရာမာန် နတ်မင်းကြီးက -

'ဟာ - လှလိုက်တဲ့ မြင်ကွင်း၊ ကြယ်များလည်း အစုံ၊ လမင်းလည်း အပြည့်၊ နေမင်းကြီးလည်း ထွက်လာပြီ။ အံ့ဖွယ်တကား၊ အံ့ဖွယ်တကား နောက်ထပ် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာက ဒေါင်းဖလ်ဝါရှင် နေမင်း၊ လေးစင်းလောက် ဖန်ဆင်းလိုက်ပါဦးလား ရဲဘော်ရယ်'

လူသားလည်း တော်တော်ထွေနေပြီဖြစ်သဖြင့် လေသံ မပီမသဖြင့် -

'အိုး  အော ရိုက် မိုင်ဖရဲင်း၊ မိုင် ခေါ်မ် ရိဒ်၊ ခမ်းမွန်၊ အပ်ချလောင်း အနားသား အိတ်နမ်းဘားစ် အော့ဖ် ဆန်းစ်၊ ခမ်းမွန် ဟားရီးအပ်ဖရွမ် အဲဗရီး ဝဲ့ရ်၊ နေမင်းရှစ်စင်း ထွက်လော့။ ခမ်းမွန် ကွစ်ကလီး၊ ဟားရီးအပ်၊ မြန်မြန်၊ မြန်မြန်။ အပ်ချလောင်း'

ထုံးစံအတိုင်း ထက်ဝက်ဖြစ်သော နေလေးစင်းသည် အရပ်လေးမျက်နှာက ထွက်ပြူလာလေသည်။ ဆယ်မိနစ် သို့မဟုတ် ရှစ်မိနစ်အတွင်း လူ့လောကကြီး တစ်ခုလုံး ပြာကျတော့မည်ကို မဟူရာ ဆေတန်နတ်ကြီးက သိသဖြင့် ပို၍ စိတ်ချရအောင် -

'လှလိုက်တာ လွန်ရောပဲ မိုင်ဖရဲင်းရယ်။ နောက်ဆုံးအနေနဲ့ ရှမ်ပိန်လေး တစ်ခွက်ချရင်း ထိပ်တည့်တည့်မှာ နေမင်းနှစ်စင်းလောက် လုပ်ချလိုက်ပါဦး'

'အိုးခေ အိုးခေ၊ အနားသား တူး နမ်ဘားစ် အော့ဖ်ဆန်း အော့န်သည် ထော့ပ်၊ ရိုက်နောင်း၊ ကောင်းကင် အလယ်တည့်တည့် ကျွန်ုပ်၏ ဦးခေါင်းထိပ်ဘက်၌ နေနှစ်စင်း ထပ်ထွက်လော့။ ဉ် ဟာရီ ဟာရီ၊ လုပ်စမ်းပါဦး မိတ်ဆွေကြီး။ နတ်သုဒ္ဓာရှမ်ပိန်ငှလေး တစ်ခွက်တစ်ဖလားလောက်'

ဆေတန်နတ်ကြီးသည် သူ့ အမြန်လစ်ရတော့မည်။ နှစ်မိနစ် ကြာသွားပြီ။ နောက်ထပ် ခြောက်မိနစ် သို့မဟုတ် ခုနစ်မိနစ်အတွင်း ကမ္ဘာလောကနှင့် စကြဝဠာကြီး ပျက်စီးတော့မည်။ အမြန်ပြန်လစ်မှ။

'အို - အသင်လူသား။ ရှမ်ပိန်အသစ် တစ်ပုလင်း သင့်အား လက်ဆောင်ပေးခဲ့မည်။ ကျွန်ုပ်၌ သွားစရာရှိသေး၏။ ကျွန်ုပ်၏ ကြင်ယာတော် မဒမ်သည်

mgyoe.com

mgyoe.com

သန်းခေါင်ကျော်မှ ဗိမာန်ကို ပြန်မရောက်လျှင် ဝင်းတံခါး ဂိတ်ပေါက်ပင် ဖွင့်မပေးဟု ခြိမ်းခြောက်ထား၏။ ပြန်တော့မည် မိုင်ဖရဲင်း၊ ဂွဒ်နိုက်၊ ဆွိဒရင်းမ်း၊ ဘိုင့်ဘိုင် ချဲရီယို'

လူသားက 'ဒီလောက် ပျော်စရာကောင်းတာကို ရဲဘော်ကြီးက အလျင်လိုနေရသလား။ ခဏတဖြုတ် နေစမ်းပါဦးလေ'

ဟု ပြောရင်းနှင့် မာရ်နတ်မင်း၏ ခါးကို မူးမူးနှင့် ဖက်ထား၏။

'ဟားတိုက်လို့ ရယ်ချင်ပြန် လောကကြီးပြောင်းပြန်၊ ဟန့်'

ဟူသော တေးရေးစာဆို ဦးမြတ်လေး၏ ဂိုရာရမ်သီချင်းကို ဆိုလိုက်သေးသတည်း။ မာရ်နတ်ကြီး၏ အလမ်းဘဲလ်က နောက်ဆုံးမိနစ်ကို ပြနေ၏။ အချက်ပေးသံလည်း ပြု၏။ ၅၉ - ၅၈ - ၅၇ -၅၆

စက္ကန့်များသည် လျင်မြန်စွာ သွားနေ၏။ ၉ - ၈ - ၇ - ၆ -၅ - ၄ - ၃ - - -

မဟူရာ မာရ်နတ်မင်းကြီးသည် သူကိုယ်တိုင်ပါ ပေါက်ကွဲလွင့်စင်တော့မည်ကို အတတ်သိနေသဖြင့် လူသား၏ လက်များကို အားနှင့်ဖြေချလိုက်ပြီး ပြင်းစွာသော အဟုန် အလျင်မြန်နှုန်းနှင့် (အလင်းအလျင်၏ အဆတစ်ရာနှုန်းဖြစ်သော တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆၈၂၈၇၉. ၆ တစ်ဆယ့်ရှစ်သန်း ခြောက်သိန်းရှစ်သောင်းနှစ်ထောင်ရှစ်ရာ သုံးဆယ့်ကိုး ဒသမခြောက်မိုင်နှုန်းဖြင့်) ကမ္ဘာမြေပြင်မှ ပျံထွက်လိုက်၏။ ကမ္ဘာမြေကြီး၏ ဆွဲငင်အားကို တွန်းကန် ရုန်းထွက်နိုင်ရန်အတွက် မဟူရာမာရ်နတ်မင်းကြီးသည် တရုတ်မိုးနတ်မင်းကြီးထံမှ သင်ယူထားသော ကျားနဂါးသိုင်း အတွင်းအားကို သုံး၍ ရုန်းထွက်ရ၏။

သတိပေးခေါင်းလောင်းသည် တတိန်တိန်မြည်လျက် ၅ - ၄ - ၃ - ၂ - ၁ - (ဇီးရိုး) - - - ဝုန်း - - -

ထို ဥပုသ်နေ့ ညသန်းခေါင်းယံအချိန်၌ပင် ကမ္ဘာမြေလောကကြီးနှင့်တကွ ထာဝရ ဖန်ဆင်းရှင်သခင် ဖန်ဆင်းထားအပ်သော အလွန်လှပတင့်တယ် ဆန်းကြယ်လှစွာသော စကြဝဠာကြီးသည် ပေါက်ကွဲပျက်စီးသွားရရှာလေတော့၏။ လူသားကိုမူ အမှုန်မျှပင် ရှာ၍ မတွေ့တော့ပြီတကား။

✡ ✡ ✡

mgyoe.com

mgyoe.com

**'ကလစ်' ခရီးယေးတာပေဂျ်၊ ဒေ့ါ ကွန် 'ကလစ်'**
**အနန္တအပေါင်း နှစ်ကြိမ်ပြောက် ဖန်ဆင်းခြင်း**

ကွန်ပျူတာဖန်သားပြင်၌ အထက်ပါစာကြောင်း ပေါ်လာ၏။ ကျွန်တော်သည် ဆက်မဖတ်ရဲလောက်အောင် တုန်လှုပ်နေ၏။ ကျွန်တော့်ရှေ့မှောက်ရှိ ကွန်ပျူတာစကရင်၌ နေ့ခုနှစ်စင်းထွက်ကာ စကြဝဠာကြီးနှင့်တကွ လူသားသည် ပေါက်ကွဲပြီးနောက် မျက်စိမခံနိုင်အောင် အလင်းကြီးတောက်လာပြီး ခရမ်းရောင်မှတစ်ဆင့် ခရမ်းလွန်ရောင်ကို ပြောင်းသွားသည်။ ခရမ်းလွန်ရောင်ခြည်ကို ကျွန်တော့်အနေနဲ့ မြင်နိုင်စွမ်းမရှိတော့။ ထို့နောက် ပြန်မှိတ်ပြီး ကြေကွဲဖွယ်ကောင်းလှသော အလွန်တရာမှ နက်ရှိုင်းလှသည့် မှောင်နှင့်မည်းမည်း စကြဝဠာကြီးကို မြင်လိုက်ရ၏။ ဘာမျှမရှိ။ ဘာတစ်ခုမျှ မရှိ။ နက်ရှိုင်းစွာ မည်းမှောင်နေ၏။ ကျွန်တော်ခြောက်ခြားလှစွာဖြင့် မျက်စိကို ခဏမှိတ်ထားရ၏။ ရေငတ်နေသဖြင့် ရေနွေးကြမ်း ဖန်ဆိပ်ဆိပ်တစ်ခွက် သောက်လိုက်ရသည်။

မိမိစိတ်ကို မိမိအနိုင်နိုင် ထိန်းပြီးနောက် ကွန်ပျူတာဖန်သားပြင်ကို ပြန်ကြည့်၏။ 'ကလစ်'

စာတန်းများ ပေါ်လာ၏။ 'ကလစ်'

အနန္တနှစ် ပထမလ၊ တတိယဥပုသ် နေ့ညသန်းခေါင်ကျော်၊ နံနက်သို့ အကူး ၀၀း၁၀ နာရီ၌ ထာဝရဖန်ဆင်းရှင်သခင်၏ အနားယူ လျှောင်းစက်တော်မူရာ ခန်းဆောင်၏ စိန်ရတနာမှန်ပြတင်းအထိပင် စကြဝဠာပေါက်ကွဲမှုမှ ထွက်ပေါ်လာသော အလင်းတန်းကြီး၏ ရောင်ပြန်ဟပ်လေသတည်း။

ထာဝရ ဖန်ဆင်းရှင်သခင်သည် တစ်စုံတစ်ရာ မှားယွင်းသွားပြီ (ဆမ်းသင်းစ် ရောင်း‌ဂ်) ဟု ချက်ချင်းသိလိုက်၏။ သို့ရာတွင် ဖန်ဆင်းရှင်သခင်၏ ထုံးစံလေ့အတိုင်း လပြည့်ကျော်တစ်ရက်နေ့ နံနက်မိုးသောက်မှသာလျှင် ဖန်ဆင်းခြင်း၊ စောင့်ရှောက်ခြင်း၊ ပြုပြင်ခြင်း၊ စီရင်ခြင်းတို့ကို ပြုရမည်ဖြစ်၏။ သို့သော် ယခုကိစ္စသည် 'အီမာဂျင်စီ' အလျင်အမြန် အရေးတကြီး ချက်ချင်းဆောင်ရွက်ရန်ဟူသော ခေါင်းစီးဖြင့် ဖန်ဆင်းရှင်သခင်၏ ဟော့တ်လိုင်း ဒက်စ်ကတော့ပ် ကွန်ပျူတာ၌ ပေါ်လာ၏။ အန္တရာယ်အချက်ပေး ခေါင်းလောင်းသံ အင်ပျူးလင့်သည်လည်း 'ဝင်းဩောင်၊ ဝင်းဩောင်၊ ဝင်းဩောင်၊ ဝင်းအူး၊ ဝင်းအူး၊ ဝင်းအူးနှင့် အလျှင်အမြန် အဆက်မပြတ် အော်ပြည်နေတော့သည်။ ထာဝရ ဖန်ဆင်းရှင်သခင်သည် ကိုယ်တော်တိုင် ဖန်ဆင်းတော်မူအပ်သော လူ့လောကနှင့် စကြဝဠာအနန္တကို ဖြန့်ကြက်ငုံ့ကြည့်တော်မူ လိုက်ရသည်။

mgyoe.com

mgyoe.com

အလို ပသို့ ဖြစ်လေသနည်း။ ညှိ ကိုးနာရီလောက်ကပင် မဟူရာ ဆေးတန်နတ်ကို လှမ်း၍ ချက်ခံ(စစ်ဆေးရေး) လုပ်ခဲ့သေးသည်။ ယခုမူ သိန်းခေါင်ငွေကျော်တွင် ဝဲညှိမျှ များ ဖြစ်ရှိရာလေသနည်း။ ဖန်ဆင်းရှင် သခင်ကိုယ်တော်မြတ်သည် ညှိ၏ ကွန်ပျူတာ၌ ထည့်သွင်းထားခဲ့သော ဒေတာစ်အင်ဖျူးချာ ပရိုဂရမ်ကို ပြန်လည်း စစ်ဆေး၏။ ၎င်း လုပ်ငန်းစဉ်ညာ (၂၃း၀၀)နာရီအထိ အကြောင်းအတိုင်းပဲ။ အစီအစဉ်အတိုင်း လှုပ်ရှားခဲ့၏။ ဒေတာများလည်း မှန်၏။ ကွန်ပျူတာ ဗိုင်းရပ်စ်များ ဝင်ရောက်လေသလား ချက်ခံလုပ်၏။ ဖန်ဆင်းရှင်သခင်၏ ကွန်ပျူတာဌာနမှူး ကွင်းကြင်ထမ်းကို ချက်ချင်း ဖုန်းခေါ်၏။ ၎င်းတို့လည်း မိုဘိုင်းဖုန်းကို ပိတ်၍ ကောင်းကြောင်း နှိပ်နေသည်။ ထိုအခါမှ ထာဝရ ဖန်ဆင်းရှင်သခင်သည် တန်ခိုးတော်ကို သုံး၍ ကျော်ကင်းကဗိုဘုံ ကွန်ပျူတာဌာနမှူးကို ဆင့်ခေါ်လိုက်၏။ ကွန်ပျူတာဌာနမှူး၊ ကော်တင်းကာင် တာမန် အဂ္ဂဘုံ ကွန်တကွနိုလိုဂျစ်သည် နောက်ဆုံးပေါ် ကောဝင်းတင်ထည်ပျံကို စီး၍ ရောက်ရှိလာ၏။ တကွနိုခရုတ်တို့၏ ခေါင်းတို့ဖြစ်သဖြင့် သူ၏စီးတော်ယာဉ်သည် မာစီးဒီး ပြိုင်ကားအနီကလေးနှင့်ပင် တူနေသေးတော့၏။

အဂ္ဂဘုံ ကွန်တကွနိုလိုဂျစ် ကောင်းတင်တာမန်သည် အဏုမြူ ဝတ်ဆံမျှသော အတိုင်းအတွာရှိသော ကွန်ပျူတာစက်ကလေးများကို တစ်စစီဖြုတ်၍ အပြစ်ရှာ၏။ စိုလီကွန်ဆားတစ်အားလုံး အကောင်းပကတိဘာမှ မဖြစ်။ သို့ရာတွင် ဖန်ဆင်းရှင်သခင် ထည့်သွင်းထားသော မင်မိုရီဒေတာနှင့် ပရိုဂရမ်တို့သည် လွဲနေခဲ့သည့် မိနစ်ပိုင်းမှ စတင်၍ ချွတ်ယွင်းခဲ့သည်။ ဝိုင်း၊ ဝိုင်း၊ ဝိုင်း၊ ဘာကြောင့်လဲ၊ ဘာကြောင့်လဲ။ ကော်တင်းတင်တာမန် တကွနိုလိုဂျစ်သည် ချွေးသီးချွေးပေါက်ကျလာ၏။ ထာဝရ ဖန်ဆင်းရှင်သခင်သည် အခြေအနေကို ရိပ်စားမိလိုက်သည်။ သည် တကွနိုလိုဂျီကို အားကိုးနေ၍ မဖြစ်တော့။ ရှေးဉာဏ်တော်တို့ကိုသာ အသုံးပြုရတော့မည်။ မဟူရာ ဆေးနတ်မင်းအား ထောက်လှမ်းလျက်ရှိသော တီဗွီကင်မရာမှ ပို့လွှင့်ချက်ကို ဖမ်းယူလိုက်၏။ ရီဝိုင်းပြန်ရစ်၏။ ပြန်ဖွင့်၏။ အလို ... ။ ညဉ်းကဲ့ မူးရူးပြီး ပက်စက်စွာ အိပ်နေသူကား ဆေးတန်နတ်အစစ်မဟုတ်။ (ကွဲလုံး) ကြီး ပါတဲ့တား၊ ပုံတူကိုယ်ပွား ကြီးပါကလား။ အစစ်ကတော့ ဘယ်ရောက်နေ ... ။ ဖန်ဆင်းရှင်သခင်သည် မင်မိုရီရကော်ဒါကို ရီဝိုင်းလုပ်၍ ပြန်၏။ ပြန်ဖွင့်ကြည့်ရပြန်၏။

အလို လက်စသတ်တော့ မဟူရာ ဆေးတန်နတ်သည် ကမ္ဘာမြေပေါ်၌ လှည့်သွား

mgyoe.com

mgyoe.com



နှင့် ဖက်လှဲတကင်း ပြောဆိုနေပါကလား။ အာတွေမျာ မြောနေခဲ့ကြပါလိမ့်။ အော်ဒီယို 'တော့လယ်ယွန်း'ကို တင်လိုက်၏။ အံ့သြမှုများ ကြားရ၏။ 'ကျောင်းကင် ကွက်လပ်၌ ကြယ်တွေ ဖန်ဆင်းလိုက်ပြီ။ ညအာကာမှာ နေ ထွက်အောင် နေမင်းထွက်စေ။ အာရပ်မျက်နှာအာသီးသီးက နေများထွက်ရန် ဦးခေါင်းထိပ်တည့်တည့် ကျောင်းကင်ယံ၌ နေနှစ်စင်း အမြန်ထွန်းလင်းစေ' ထာဝရဖန်ဆင်းရှင်သခင်သည် 'အိုးမိုင်ဂေါ့ဒ်' ဟူ ကိုယ်တော်ရှင်မြတ်၏ နာမတော်မြတ်ကိုပင် ပြန်၍ တလိုက်မိတော့၏။ အပျက်အစီးနှုန်းကိုပြသော ကွန်ပျူတာ စက်ခလုတ်ကို ဖွင့်ခိုင်းလိုက်၏။ ထိုအချိန်တွင် အင်္ဂလိပ်ဘုံ၌ ဆိုင်ရာဆိုင်ရာ တာဝန်ယူထားရသော အင်္ဂလိပ်ဘုံ ကျောင်းကင်တမန်များသည် ဖန်ဆင်းရှင်သခင်၏ ကွန်ဂရက်ရုံးချုပ်ကို ရောက်ရှိနေကြပြီး သက်ဆိုင်ရာလုပ်ငန်းများကိုလုပ်ရန် အသင့်ဖြစ်နေကြပြီ။ သို့သော် ထိုတမန်တော်တို့ စောင့်ရှောက်ရန် စကြဝဠာလောကတစ်ခုလုံး တို့ကြီးကျယ်သော ပေါက်ကွဲမှုကြီး မဖြစ်မီအောင် ပျက်စီးခဲ့လေပြီ။ ပေါက်ကွဲမှု ပူပြင်းအားသည် ကျောင်းကင်ဘုံကိုပင် နှစ်ထောင့် တစ်ရာ ဆယ့်ငါးဒီဂရီဆယလ်စီးယပ်အထိ မြင့်တက်ခဲ့လေပြီ။ ထိုပေါက်ကွဲကို တောက်လောင်မှုကို ချက်ချင်းငြိမ်းသတ်နိုင်ပါမှ အင်္ဂလိပ်ကျောင်းကင်ဘုံကို လောင်မီး မကူးမည်ဖြစ်၏။ အချက်ပေး အလမ်းဘဲလ်ကလည်း ဝင်းခြောင်ဝင်းအူ ဝင်း ခြောင် ဝင်းအူနှင့် တစ်ခြောင်တည်း ခြောင်၊ တစ်အူတည်း အူနေရလေသည်။

အနန္တစကြဝဠာ မီးသတ်အဖွဲ့သည်လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့သည်လည်းကောင်း၊ အင်္ဂလိပ်ကျောင်းကင်ဘုံ ဒုက္ခသည်များ စောင့်ရှောက်ကူညီတင်ရေးဆိုင်ရာ မင်းကြီးရုံးသည်လည်းကောင်း၊ စကြဝဠာလုံး ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့များသည်လည်း ဝရဇိန်မြောင်းပြန်လက်နက်များ၊ ဓာတ်ငွေ့ကာ ဝတ်စုံများ ဝတ်စုံပြည့် (ဖူးလ်ဖ် ဒိုက်ကွစ်ပ်မင့်များ) ဝတ်ဆင်ပြီး အသင့်နေရာ ယူလျက်လည်းကောင်း၊ အင်္ဂလိပ်ကျောင်းကင်ဘုံကလေးများ စောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့ဝင်များသည်လည်းကောင်း၊ အင်္ဂလိပ်ကျောင်းကင်ဘုံ ကြည်း၊ ရေ၊ လေ အာကာသ ပူးပေါင်းစစ်ဆင်ရေး တပ်ဖွဲ့ဝင်များသည်လည်း ဆိုင်ရာဝရဇိန် လက်နက်များ အသင့်ပြင်ဆင်၍လည်းကောင်း၊ အင်္ဂလိပ်ကျောင်းကင်ဘုံ ရဲတပ်ဖွဲ့၊ အမိက ရဏ်း နှိမ်နင်းရေးတပ်ဖွဲ့၊ အိုင်ယူအမ်အာကဲ့ပ်၊ (အင်တာယူ နီးဗားစ်ဆစ်ခ် မန်းနီးဖန်၊ မဟာစကြဝဠာလုံးဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့)သည်လည်းကောင်း၊ စကြဝဠာအဖွဲ့အစည်းများသည်လည်းကောင်း၊ မရဏာယမမင်းနှင့်တကွ စကြဝဠာ ငရဲမင်းများ၊ ငရဲသားများသည်လည်းကောင်း စသဖြင့် စသဖြင့် အားလုံးသည်

mgyoe.com

mgyoe.com


အဆင်သင့် နေရာယူပြီး ဖြစ်နေကြလေပြီ။

ထာဝရဖန်ဆင်းရှင်သခင်သည် စကြဝဠာ မီးသတ်တပ်ဖွဲ့ကို အရင်လွှတ်ရှား စေ၏။ ရှိရှိသမျှ စကြဝဠာအနန္တကို မီးငြိမ်းသတ်ရ၏။ ကယ်ဆယ်ရေးအဖွဲ့များ သည် ကျန်ရစ်သော၊ ဒဏ်ရာရသော စကြဝဠာသားများကို ကယ်တင်ရ၏။ အလောင်းချင်းထပ်နေသော အခြားစကြဝဠာတစ်ခုကိုမူ ထိုနေရာ၌ပင် အဏုမြူ စွမ်းအင်ဖြင့် မီးသင်္ဂြိုဟ် ဖျက်ဆီးစေရ၏။ အစားအသောက်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်မှအစ လိုအပ်သမျှ ကယ်ဆယ်ရေးပစ္စည်းများကို ဝေငှကြရ၏။ ကောင်းကင်ဘုံတက္ကသိုလ်မှ လိုအပ်သမျှ စမတ်ကတ်များကိုလည်း ထုတ်ပေးလိုက် ရလေရာ စမတ်ကတ်ဘဏ်၌ လက်ကျန်မရှိတော့သလောက် ဖြစ်သွားလေသည်။ ဘာမှမကျန်တော့သော စကြဝဠာကြီးကို ကယ်တင်ရန် အကြောင်းပြချက်ဖြင့် စမတ်ကတ်များ၊ ပိုက်ဆံများ ထုတ်ယူသွား ကြလေကုန်၏။ (ကောင်းကင်ဘုံမှာလည်း အဲဒီလို ဖြတ်စားလျှပ်စား ငနဲတွေ ရှိပါသတဲ့။)

နောက်ဆုံး၌အပျက်အစီးစာရင်းကို ထာဝရ ဖန်ဆင်းရှင်သခင်ထံသို့ အား ဂျင့်တလီး ချက်ချင်း အမြန်တွက်ချက် တင်ပြရ၏၊ အပျက်အစီး ကိန်းဂဏန်း ကား ကြောက်ခမန်းလိလိဖြစ်၏။ အနန္တစကြဝဠာကြီး၏ ၉၉. ၉၉ ၉၉၉၉၉၉၉ ∝ အင်ဖင်နတီရာခိုင်နှုန်း ဖြစ်လေသတည်း။

ထိုဂဏန်းများကို မြင်ရသောအခါ ထိဝါသနာပါသော အင်္ဂဘုံ ကောင်းကင် တမန် 'မျိုးမြင့်ညိမ်း' သည်ကား 'ဒီတစ်ပတ် မင်္ဂလာစုံတွဲ ၉ အောမယ်' ဟု ထအော်၏။ ဖန်ဆင်းရှင်သခင်က လှမ်းကြည့်မှ ငြိမ်သွား၏။ မပျက်စီးသော လက်ကျန်စာရင်းမှာ ဒသမသုည အနန္တနှင့် တစ်ဖြစ်၏။ ဤ၍ဤမျှ လက်ကျန် နှင့်တော့ ဘာမှ သုံးစား၍မရနိုင်တော့။ ထို့အပြင် ကျန်ရစ်သော စကြဝဠာ အစိတ် အပိုင်းသည်လည်း သက်ရှိသတ္တဝါ ဖြစ်ထွန်းရာနေရာမဟုတ်။ ထို့ကြောင့် ထို အစိတ်အပိုင်း ငယ်ကလေးအားလည်း ဒစ်စထရွိုင်း ဖျောက်ဖျက်ပစ်ရန် အမိန့် ပေးလိုက်လေတော့သည်။ ကောင်းကင်ဘုံ ကွန်ပျူတာစာရင်း၌ ဒဲင်းမေ့ဂျ် (အပျက် အစီး)ဟု ပြလိုက်၏။

အနန္တစကြဝဠာကြီး ပျက်စီးဆိတ်သုဉ်းခဲ့ ပြန်လေပြီတကား။

(ကလစ် ပေ့ဂျ် ∝ + 1.0 ကွန်တင်နျူး . . . . .)

ကျွန်တော်သည် ဆက်၍မဖတ်နိုင်သေးဘဲ ခေတ္တနားနေလိုက်ရ၏။ ရင်ထဲ၌ တလှပ်လှပ်မောနေ၏။ ရေနွေးကြမ်းတစ်ခွက်ကို ထပ်သောက်လိုက်ရ၏။ ကျွန်တော့်သမီး၏ ကွန်ပျူတာရှေ့၌ ပြန်ထိုင်ပြီး ဖန်သားပြင်ကို အဓိပ္ပာယ်မဲ့

mgyoe.com

ငေးစိုက်ကြည့်နေမိ၏။ 'ကလစ်' လုပ်ရန် လက်တွန့်နေသေး၏။ ဘာဆက်ဖြစ်မလဲ သိချင်စိတ်ကလည်း ပြင်းပြနေ၏။ သို့ရာတွင် အနိဋ္ဌာရုံမြင်ကွင်းကိုလည်း ထပ်မကြည့်ရဲ။ သိချင်စိတ်နှင့် အနိဋ္ဌာရုံကို မမြင်ရဲသည့် စိတ်တို့သည် လွန်ဆွဲနေကြ၏။ ထို့နောက် စိတ်ကို ငြိမ်ငြိမ်ထားနိုင်အောင် စိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ (ဦး)အုန်းမောင်နှင့်ဒေါက်တာ(ဦး)စန်းရောင်ညွန့်တို့ ညွှန်ကြားထားသော ထွက်လေဝင်လေ ငါးမိနစ်မျှ မှတ်ပြီးမှ မောက်စ်ကို 'ကလစ်' လုပ်လိုက်၏။ ပေါ်လာသော မြင်ကွင်းကား . . . ။ ကောင်းကင်ဘုံ တရားရုံးချုပ်။ (စူပရင်းကုတ်အော့ဖ်ဟဲဗင်း အဂ္ဂဘုံ)

အဂ္ဂကောင်းကင်ဘုံ စုံညီတရားရုံး၌ ကောင်းကင်ဘုံတရားရေးဌာန နတ်မင်းကြီးများ သဘာပတိမှုသော တရားစီရင်ရေး အခမ်းအနားကြီးကို မြင်ရ၏။ ကျက်သရေရှိလှပေစွတကား။ ကောင်းကင်တမန်များသည် အနက်ရောင်ဝတ်စုံများ ဝတ်ထားကြ၏။ နှစ်ဖက်အဂ္ဂကောင်းကင်ဘုံ ရှေ့နေကြီးများသည်လည်း ဝတ်စုံနက်ကြီးများနှင့် ခံ့ညားနေ၏။ စုံညီတရားသူကြီးများသည် စင်မြင့်ထက်၌ ထိုင်နေတော်မူကြ၏။ ထူးခြားသည်မှာ အဂ္ဂကောင်းကင်ဘုံ တရားရုံးကြီး၏ နံရံများ၌ မြန်မာ့ကျွန်းသစ်များကို အကွက်ဖော်၍ တန်ဆာဆင်ထား၏။ သို့ရာတွင် ပေါလစ် မတိုက်ဘဲ နဂိုအရောင်အတိုင်းသာ လှပနေ၏။

မဟူရာ ဆေတန်မင်းကား တရားခံ ဝက်ခြံနေရာ၌ ခပ်တည်တည် ထိုင်နေသည်ကို တွေ့ရ၏။ အဂ္ဂကောင်းကင်ဘုံ လုံခြုံရေး တပ်ဖွဲ့သားများသည် တူညီဝတ်စုံ၊ ဝရဇိန်လက်နက် အပြည့်အစုံကိုင်လျက် ခန်းမကြီး၏ ထောင့်အသီးသီး၌လည်းကောင်း၊ ခန်းမအပြင်ဘက် အထက်ခေါင်းမိုးမှသည် ရုံးတော်၏ စည်းရိုးအထိ အသီးသီးစနစ်တကျနေရာယူကာ စောင့်ကြပ်လျက်ရှိကြ၏။ ရုပ်ဖျက်ထားသော လုံခြုံရေးဝန်ထမ်းများလည်း မြောက်မြားစွာ။ အဂ္ဂကောင်းကင်ဘုံနိုင်ငံတော်၏ အလံတော်ကြီးကို မျက်နှာကြက်မှ အောက်သို့ ရှည်လျား ခန့်ညားစွာ ဆွဲချိတ်ထား၏။ အလံတော်မှာ အပြာရောင်ခံ၊ နီ၊ ဝါ၊ စိမ်း အဝိုင်းများ ဖြစ်၏။ မော်တော်ယာဉ် မီးပွိုင့်နှင့်တူလေသတည်း။

အနီရောင်လွှင်လွှင်ကို အနားစီးအဖြစ် သတ်ထားသော အဂ္ဂကောင်းကင်ဘုံ စုံညီတရားသူကြီးများ၏ စားပွဲပေါ်သို့ တရားသူကြီးအဖွဲ့ခေါင်းဆောင် နာယက နတ်မင်းကြီးသည် တင်းပုတ်ကြီးတစ်ခုနှင့် ဒိန်းခဲမြည်အောင် ထုလိုက်၏။ (ဖန်သားပြင်ကို ကြည့်နေသော ကျွန်တော်ပင် ရင်တုန်ပန်းတုန် ဖြစ်သွား၏။)

မဟူရာ ဆေတန်မင်းသည် သူ ဘာမှမသိခဲ့၊ မလုပ်ခဲ့သယောင်နှင့် ပေ

m.gyoe.com

mgyoe.com

စောင်းစောင်း ထိုင်နေ၏။ တရားရုံး ထုံးစံအတိုင်း ကျမ်းကျိန် စသဖြင့် ပြုပြီးနောက် အင်္ဂကောင်းကင်၏ တရားလို ရှေ့နေနတ်မင်းကြီးက မဟူရာ ဆေတန်မင်းကို စတင်မေးမြန်းလေသည်။

'အချင်း ဆေတန် . . . အခင်းဖြစ်ပွားသောအချိန်၌ သင်သည် အဘယ်နေရာ၌ ရှိသနည်း'

ဆေတန်သည် မျက်စိကလည်ကလည် လုပ်ပြပြီး -

'ကျွန်ုပ် ဗိမာန် အိပ်ခန်းဆောင်၌ အိပ်ပျော်နေသည်ဟု ထင်ပါသည်။'

'အသင် ကျမ်းကျိန်ထားသည် မဟုတ်လော။ လိမ်ပြောဖို့ မကြိုးစားပါရန် လေးနက်စွာ သတိပေးအပ်၏'

ဤသည်မှာ တရားသူကြီး အဖွဲ့ခေါင်းဆောင်နတ်မင်းကြီးက သတိပေးခြင်းဖြစ်၏။

'အချင်း မဟူရာ ဆေတန် ထိုအချိန်၌ သင်သည် သေရည် မူးဟန်ဆောင်၍ သင်၏ ပုံတူကိုယ်ပွား 'ကလုံး' ကို သင့်စက်ရာ အိပ်ဆောင်၌ ထားခဲ့ပြီး သင်ကိုယ်တိုင်ကမူ ရုပ်ဖျက်ကာ လျှို့ဝှက်စွာဖြင့် လူ့လောကကို သွားခဲ့သည် မဟုတ်တုံလော'

မဟူရာ ဆေတန်သည် ဘာမှမသိသလို အူလည်လည် လုပ်နေပြီးနောက်-

'ကျွန်ုပ် မူးယစ်နေသဖြင့် ကောင်းကောင်း မမှတ်မိပါ'

တရားလို ရှေ့နေနတ်မင်းက -

'အချင်း မဟူရာ ဆေတန် သင့်အား ထပ်၍မေးမည်။ ဟုတ် မဟုတ်သာ ဖြေဆိုလော့။ အခြား ဝေ့လည်ကြောင်ပတ် စကားများကို ပြောခွင့်ပြုမည် မဟုတ်ပါ။ မေးခွန်းကို သေသေချာချာ နားထောင်ပါ။ အခင်းဖြစ်ပွားစဉ်အချိန်က သင်လူ့လောကသို့ ရောက်ရှိနေပြီး လူသားနှင့် အတူရှိနေခဲ့သည် မဟုတ်တုံလော'

မဟူရာ ဆေတန်သည် မထိမဲ့မြင် ပြုံးလိုက်ပြီး -

'အခင်းဖြစ်ပွားစဉ် အချိန်၌ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘုံဗိမာန် စက်ခန်းဆောင်၌ ရှိနေပါ၏။ ဟိ သစ္စာ၊ ဤစကားမှန်၏'

တရားလို ရှေ့နေ နတ်မင်းက -

'ထိုအချိန်၌ သင်သည် လူသားနှင့်ရှိနေသည် မဟုတ်လော'

မဟူရာ ဆေတန်မင်းဘက်ကလိုက်သော ကောင်းကင်ဘုံရှေ့နေ နတ်မင်းကြီးသည် ထိုင်နေရာမှထ၍ -

'တရားသူကြီး မင်းများ ခင်ဗျား ကျွန်ုပ်၏ အမှုသည်ကို အတင်းအကျပ်

mgyoe.com

mgyoe.com


ဝန်ခံခိုင်းရာကျနေပါသဖြင့် ဤမေးခွန်းကို ကန့်ကွက်ပါကြောင်း လေးစားစွာ လျှောက်ထားအပ်ပါသည်'

တရားသူကြီးများ တီးတိုးတိုင်ပင်၏။ ထို့နောက် ဆိုင်ရာတရားသူကြီး နတ်မင်းက -

'တရားလို ရှေ့နေ နတ်မင်းကြီးအနေနှင့် ထိုမေးခွန်းအစား တခြားမေးခွန်း တစ်ခုပြောင်း၍မေးရန် ကျွန်ုပ်တို့ အကြံပြုအပ်ပေသည်'

တရားလို ရှေ့နေကြီးသည် ရိုသေစွာ ခေါင်းညွတ်အလေးပြုပြီး မဟူရာ ဆေတန်ဘက်သို့ လှည့်လိုက်၏။ နည်းနည်းပြုံးပြီးနောက် ဆေတန်ကြီး၏ ရှေ့၌ ခေါက်တုံ့လူးလာ လမ်းလျှောက်ရင်းမှ ဖျတ်ခနဲရပ်၍ -

'အို - မဟူရာဆေတန် သင်သည် စကြဝဠာကြီး ပေါက်ကွဲ ပျက်စီးခြင်း မဖြစ်မီ နှစ်နာရီခန့်အလို ထိုဥပုသ်နေ့ည ၂၂း၀၀ နာရီ (အရပ်အခေါ် အဝေါ် အားဖြင့် ဥပုသ်နေ့ည ၁၀ နာရီအချိန်)တွင် သင်မည်သည့်နေရာ၌ ရှိသနည်း'

မဟူရာ ဆေတန်သည် တရားလို ရှေ့နေကြီးအား ခပ်တည်တည် စိုက်ကြည့်ပြီးနောက် -

'ကောင်းကင်တမန် ပညာရှိ ရှေ့နေကြီးခင်ဗျား အင္ဂကောင်းကင်ဘုံ၌ အချိန်သည်လည်းကောင်း၊ နေရာသည်လည်းကောင်း၊ အလျင်နှုန်း အဟုန်သည် လည်းကောင်း၊ အတိတ်၊ အနာဂတ်တို့သည်လည်းကောင်း မည်သို့မျှ အဓိပ္ပာယ် မရှိကြောင်း ရှေ့နေကြီးသိပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် ကောင်းကင်ဘုံ 'သား မဟူရာဆေတန်ကြီးဖြစ်သဖြင့် ကျွန်ုပ်အတွက် အချိန်များ၊ နေရာများ၊ အလျင်နှုန်း များသည် မည်သို့သော အဓိပ္ပာယ်ကိုမျှ မဆောင်ပါ။ တိုတိုပြောရလျှင် အချိန်နှင့် နေရာဟူသည် ကျွန်ုပ်အတွက် အဓိပ္ပာယ်မရှိပါ'

တရားလို ရှေ့နေကြီးသည် အတန်ငယ် အကျပ်ရိုက်သွား၏။ သို့သော် -

'မဟူရာ ဆေတန် သင်ပြောသည်မှာ အင္ဂကောင်းကင်ဘုံအတွက် မှန်ကန် ကြောင်း၊ ကျွန်ုပ်မငြင်းဆိုသာပါ။ သို့သော် လူနှင့်လူ့လောကတွင် လူတို့သတ် မှတ်သော အချိန်နှင့်နေရာသည် နှိုင်းရသဘောအားဖြင့် ရှိသည်သာတည်း။ ယခု အမှုသည် အင္ဂကောင်းကင်ဘုံ၌ ဖြစ်ပွားခြင်းမဟုတ်ဘဲ လူ့လောကနှင့် စကြဝဠာ၌ ဖြစ်သည်ဖြစ်သောကြောင့် ထိုသို့အချိန်နှင့်နေရာကို ထည့်သွင်းစဉ်းစားရမည်သာ ဖြစ်၏။ သင့်အား မေးခွန်းကို ပြန်ပြင်၍ မေးပါအံ့။ လူ့လောက၏ သတ်မှတ်ချက် ဖြစ်သော တစ်ခုသော ဥပုသ်နေ့၏ ညဉ့်(၁၀)နာရီအချိန်၌ သင်မဟူရာ ဆေတန်သည် လူသားနှင့်အတူ ရှိနေခဲ့သည်မှာ ဟုတ်ပါသလော'

mgyoe.com

mgyoe.com


ဆေတန်ဘက်မှ လိုက်ပါဆောင်ရွက်သော ကောင်းကင်ဘုံ ရှေ့နေကြီးသည် နေရာမှ အမြန်ထ၍ -

'အဂ္ဂကောင်းကင် တရားသူကြီးများ ခင်ဗျား တစ်ဖက်ရှေ့နေကြီး၏ မေးခွန်းကို ကန့်ကွက်ပါ၏။ အဘယ်ကြောင့်ဆိုသော် လူ့လောက၏ သတ်မှတ်ချက်အတိုင်းဟု ဆိုပင်ဆိုငြားသော်လည်း တစ်ခုသော ဥပုသ်နေ့ညဟူသည်မှာ တိကျရေရာသော ညွှန်းဆိုချက် မဟုတ်ပါ။ ဥပုသ်နေ့ဟူသည်မှာ လူတို့၏ သတ်မှတ်ချက်အတိုင်းပင် ဖြစ်ပါစေဦး မရေနိုင်မတွက်နိုင်သော ဥပုသ်နေ့များသည် ရှိခဲ့သည်သာတည်း။ အဘယ်ဥပုသ်နေ့ကို ရည်ညွှန်းပါသနည်း။ အဘယ်ည (၁၀) နာရီကို ရည်ညွှန်းပါသနည်း။ မတိကျသော ရည်ညွှန်းချက်နှင့်မေးသော မေးခွန်းသည် အဓိပ္ပာယ်မရှိပါ ခင်ဗျား'

တရားသူကြီးများသည် ခေါင်းအနည်းငယ်ဆတ်၍ -

'တရားလို ရှေ့နေကြီး ခင်ဗျား၊ တိတိကျကျ ရည်ညွှန်းအပ်သော ဥပုသ်နေ့ကို ညွှန်းဆို၍ မေးပါရန် မေတ္တာရပ်ခံအပ်ပေ၏'

တရားလို ရှေ့နေကြီးသည် အကျပ်ရိုက်သွားပြန်ရှာ၏။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းရှင်သခင် ပေးသနားသော အတိုင်းမသိ အသက်ရှည်သည့် ဇီဝဓာတ်ဖြင့် လူသားသည် အသက်ရှည်ခဲ့၏။ ထိုလူသားသည် တစ်ဦးတည်းသာဖြစ်၍ ပြက္ခဒိန်များ၊ လများ၊ နေ့ရက်များ၊ နာရီများကို အမှတ်အသားမပြုခဲ့ပေ။ ထို့ကြောင့် သက္ကရာဇ်၊ နှစ်၊ လ၊ နေ့၊ ရက်၊ အချိန်၊ နာရီများကို ဖော်ပြခြင်းငှာ မစွမ်းသာပေ။ သို့ရာတွင် တရားလိုရှေ့နေကြီးသည် အလွန်ထက်မြက်သော ဉာဏ်ပညာရှိသည် ဖြစ်ရကား -

'ကျွန်ုပ် အတိအကျ ညွှန်းဆိုပါမည်။ အဘ ဖန်ဆင်းရှင် သခင်ဘုရားသည် လူနှင့်လောကကြီးအား ဖန်ဆင်းခဲ့သည်မှာ အနန္တသဘောဆောင်ခဲ့ပြီဖြစ်၏။ ထို့အတူ ဖန်ဆင်းရှင်သခင် ဖန်ဆင်းသော လောကကြီးကို မဟူရာဆေတန်က ဖျက်ဆီးပစ်ခဲ့သည်မှာလည်း ဖန်ဆင်းရှင် သခင် ဖန်ဆင်းတော်မူသော မရေမတွက်နိုင်သော အကြိမ်များနှင့် ထပ်တူထပ်မျှ ဖြစ်ပါသည်။ ထိုအကြိမ်များသည်ပင် ကျွန်ုပ်ညွှန်းဆိုသော အချိန်နှင့်နေရာပင် ဖြစ်ပါ၏။ ယခု နောက်ဆုံး ဖန်ဆင်းရှင် သခင်ဘုရား ဖန်ဆင်းသော လူ့လောကကြီး မပျက်စီးမီ ကမ္ဘာမြေပေါ်၌ သတ်မှတ်အပ်သော ဥပုသ်နေ့ ည ဆယ်နာရီကို ရည်ညွှန်းပါ၏။ ဆယ်နာရီတွင် မဟူရာဆေတန်သည် လူသားနှင့်အတူရှိနေကြောင်း သက်သေအထောက်အထားပြသရန် အသင့်ရှိပါသည် ခင်ဗျား။ ဖန်ဆင်းရှင်သခင် ဖန်ဆင်းခဲ့သော

mgyoe.com

လူနှင့် လူ့လောကကို စောင့်ကြည့်မှတ်တမ်းတင်ခဲ့သော အလိုအလျောက် ရိုက်ကူးထားသည့် မှတ်တမ်း အေ၊ ဒီ၊ ဗွီ၊ ဒီ။ အက်စ်အမ်၊ အော်တိုမက်တစ် ဒီဂျစ်တယ်လ် ဗွီဒီယို၊ ဒစ်ခ် စပါယ်ရှယ်(မိနီ)ကို တရားသူကြီးများနှင့်အတူ ဂျူရီနတ်မင်းကြီးများပါ ကြည့်ရှုနိုင်ရန် ဤတရားရုံးခန်း၏ အလယ်၌ ပြသပါမည်။ ကြည့်ရှုတော်မူကြပါကုန်'

များမကြာမီအတွင်း အဂ္ဂကောင်းကင်ဘုံတရားရုံး၏ အလယ်တည့်တည့်တွင် ငွေရောင်ဓာတ်ငွေ့များ ပေါ်လာ၏။ ထိုငွေရောင် ဓာတ်ငွေ့များသည် စက်ဝိုင်းစက်လုံးပုံသဏ္ဌာန်ဖြစ်ပြီး မည်သည့်ဘက်က ကြည့်ကြည့် အတိုင်းသား မြင်ရသော စက်လုံးပုံငွေရောင် ပိတ်ကားကြီး ဖြစ်လေသည်။ ထိုငွေရောင်စက်လုံးပုံ ဂိတ်ကား(စကရင်) ကြီးပေါ်တွင် လူသားသည် ကောင်းကင်ကြီးကို ကြည့်လျက် ကြည်နူးနေပုံကို စတင်မြင်ရ၏။ ထောင့်တစ်ထောင့်၌ (ဘုရားသခင် လူ့လောကကို နောက်ဆုံးအကြိမ် ဖန်ဆင်းပြီးနောက်) နှစ်ပေါင်း သန်းပေါင်း၊ ထောင်ပေါင်း အင်ဖင်နတီ ဆောင်းဦးရာသီ၏ ပထမလ တတိယမြောက် ဥပုသ်နေ့ ညဥ့် (၁၀) နာရီ (၂၂း၀၀)ဟု နေ့စွဲ ထိုးထား၏။

မကြာမီ ဆေတန် လူ့လောကကို အစေအပါး နတ်ဝတ်တန်ဆာဖြင့် ရုပ်ဖျက်ဝင်ရောက်လာသည်ကို ပြ၏။ (ထိုကြားထဲတွင် ဖလက်ရှ်ဘက်အဖြစ် လူသား ပျော်ရွှင်စွာနေခဲ့ပုံကို အကျဉ်းချုပ် ကတ်များဖြင့် ဖျတ်ခနဲ ဖျတ်ခနဲ ထိုးပြ၏။) ထို့နောက် မဟူရာဆေတန်က လူသားနှင့် မိတ်ဖွဲ့ပုံ ကြယ်မရှိသော ကောင်းကင်ကွက်လပ်များ၌ ကြယ်များဖန်ဆင်းရန် တိုက်တွန်းပုံ၊ ညဘက်၌ နေထွက်ပုံ၊ နေနှစ်စင်း ဖြစ်လာပုံ၊ ထို့နောက် အရပ်မျက်နှာအသီးသီးမှ နေလေး စင်းထွက်လာပုံ၊ နောက်ဆုံး မွန်းတည့်နေရာ၌ နေကြီး တစ်စင်းပေါ်လာ၊ မဟူရာဆေတန်က လူသားကို နှုတ်ဆက်ပုံ၊ ပြင်းစွာသော အလျှင်ဖြင့် ပျံထွက်လာပုံတို့ကို ပြသလေသည်။ ထို့နောက် ပြကွင်းကား အနိဋ္ဌာရုံကြီး ဖြစ်တော့၏။ ကြယ်များ၏ အပူနှင့် အလင်း၊ လျှပ်စစ်သံလိုက်ကွင်းများ၊ နေခုနစ်စင်း၏ အပူအလင်း၊ ရုတ်ခြည်း မီးတောက်လောင်ခြင်း၊ မီးရောင်သည် အဝါမှ လိမ္မော်မှ အပြာ၊ အပြာမှခရမ်း၊ ထို့နောက် ခရမ်းလွန်ရောင်ခြည်။ ထို့နောက် လူနှင့် အနန္တစကြဝဠာကြီး မီးလောင်ပြာကျသွားပုံ၊ နက်ရှိုင်းလှစွာသော အမှောင်ထုကြီးသာ ကျန်ရစ်ပုံ။ ထိုအမှောင်ထုသည် မည်မျှနက်ရှိုင်းသနည်းဆိုပါမူ အဂ္ဂကောင်းကင်ဘုံ တရားရုံးကြီးပင်လျှင် အမှောင်ထုဖုံးလွှမ်းခြင်း ခံလိုက်ရ၏။ ပြစက်အော်ပရေတာ ကောင်းကင်တမန်သည် ခလုတ်ကို အလျှင်အမြန်ပိတ် လိုက်ရ၏။ ထိုအခါမှ ကောင်းကင်ဘုံ တရား

mgyoe.com

mgyoe.com

ရုံးသည်လည်း လှပတည်ငြိမ်သော အရောင်ဖြင့် ပြန်လည်ထွန်းလင်းလာ၏။

တရားလို ရှေ့နေနတ်မင်းကြီးက -

'တရားသူကြီးများနှင့်တကွ ဂျူရီ နတ်မင်းကြီးများ ခင်ဗျား၊ တင်ပြခဲ့သော မှတ်တမ်းကားကို ကြည့်ရှုရခြင်းဖြင့်ပင် မဟူရာဆေတန်သည် လူ့လောကကြီးအား ဖျက်ဆီးသော 'တရားခံ' အစစ်ဖြစ်ကြောင်း'

'ကန့်ကွက်ပါသည် ခင်ဗျား'

ဆေတန်ဘက်မှ လိုက်ပါဆောင်ရွက်သော တရားခံရှေ့နေကြီး၏ အသံပေါ်လာ၏ ဆေတန်၏ ရှေ့နေကြီးသည် ဆက်လက် လျှောက်လဲ၏။

'တရားသူကြီးများနှင့် ဂျူရီနတ်မင်းကြီးများ ခင်ဗျား၊ စွပ်စွဲချက် ခိုင်လုံခြင်း၊ မခိုင်လုံခြင်းကို အဂ္ဂဘုံရုံးတော်က မဆုံးဖြတ်ရသေးသည့် အချိန်အတွင်း ကျွန်ုပ်အမှုသည် မဟူရာ ဆေတန်မင်းကြီးအား 'တရားခံ' ဟု ခေါ်ဝေါ်သုံးစွဲခြင်း လုံးဝမပြုရန် ကန့်ကွက်အပ်ပါသည်။ ကျွန်ုပ်၏ အမှုသည်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရာ ရောက်ပါသည်။ ထို့ကြောင့် တရားခံဟု ခေါ်ဝေါ်ခြင်းမပြုရန် ပြင်းပြင်းထန်ထန် ကန့်ကွက်အပ်ပါသည် ခင်ဗျား'

တရားသူကြီးများသည် ကြီးရင့်သော ဣန္ဒြေကိုဆောင်လျက်-

'တရားလို ရှေ့နေကြီးခင်ဗျား ဤတရားရုံးက မဟူရာ ဆေတန်အား တရားခံအဖြစ် စွဲချက်တင်သတ်မှတ်ခြင်း မပြုမီအတွင်း တရားခံဟူသော အသုံးအနှုန်းကို ရှောင်ရှားပါရန် မေတ္တာရပ်ခံအပ်ပါသည်'

တရားလိုရှေ့နေကြီးသည် ရိုသေစွာဦးညွှတ်ပြီးနောက် မဟူရာ ဆေတန်ဘက်လှည့်၍ -

'အချင်း မဟူရာ ဆေတန်၊ တင်ပြခဲ့သော သက်သေအထောက်အထား အရသင်သည် လူသားအား ဖြားယောင်းသွေးဆောင်၍ လူ့လောကကြီးကို ဖျက်ဆီးခဲ့ကြောင်း ထင်ရှားနေပြီ ဖြစ်သဖြင့် သင့် အပြစ်အား ဝန်ခံပါလော'

ဆေတန်မင်းကြီးသည် ပြုံး၍ -

'အို - တရားလို ရှေ့နေကြီး၊ ကောင်းကင်ဘုံ အော်ဒီယို ဗီဒီယိုယယ်လ် တက္ကနိုလိုဂျီနည်းသည် အလွန့်အလွန် တိုးတက်နေပါသဖြင့် ရှေ့နေကြီးတင်ပြသော မှတ်တမ်းတင်ရုပ်ရှင်ကားသည် စပယ်ရှယ်အဖက် အထူးပြုလုပ်ချက်ဖြင့် လုပ်ကြံဖန်တီးထားသော ပြကွက်များသာ ဖြစ်သည်ဟု ကျွန်ုပ်ယူဆပါသည်။ ထို့ကြောင့် သက်သေအတုဟု ယုံကြည်သောကြောင့် ကျွန်ုပ်ဝန်ခံရန် မဖြစ်နိုင်တော့ပါ'

ဂျူရီနတ်မင်းကြီးများသည် 'ဟုတ်နိုင်ပေသပေါ့။ ဖြစ်တန်ရာ အခြေအနေ

mgyoe.com

mgyoe.com


ရှိပေ၏’ ဟု တီးတိုးရေရွတ်ကြကုန်၏။

မဟူရာ ဆေတန်မင်းဘက်က လိုက်ပါသော ရှေ့နေကြီးကလည်း -

‘တရားသူကြီးမင်းများ ခင်ဗျား၊ ထိုမှတ်တမ်းတင် ကားထုပ်ကို စပယ်ရှယ် အဖက် အထူးပြုချက်ဖြင့် အတုဖန်တီးထားခြင်း ဟုတ်၊ မဟုတ် ဆိုင်ရာတက္ကနိုလို ဂျီပညာရှင်များအား စစ်ဆေးခိုင်းရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်။ တစ်ဆက်တည်း လျှောက်ထားလိုသည်မှာ စစ်ဆေးရေးအဖွဲ့၌ တရားမျှတမှုရှိစေရန် ကျွန်ုပ်၏ အမှုသည် မဟူရာ ဆေတန်ဘက်မှ ကျွမ်းကျင်သူများကိုလည်း အညီအမျှ ထည့်သွင်း၍ ဖွဲ့စည်းပေးပါရန် လျှောက်ထားအပ်ပါသည်’

ကောင်းကင်ဘုံ တရားသူကြီးများသည် ခဏမျှ တိုင်ပင်ကြ၏။ ထို့နောက် ဤအမှုတွင် တင်ပြသောသက်သေဖြစ်သည့် မှတ်တမ်းတင် ရုပ်ရှင်ကား၌ စပါယ်ရှယ်အဖက်များဖြင့် အထူးပြုချက်ရှိ၊ မရှိ စစ်ဆေးရန် တရားလိုဘက်က ကျွမ်းကျင်သူ ငါးဆယ်နှင့် အစွပ်စွဲ ခံရသူ မဟူရာ ဆေတန်မင်းဘက်မှ ကျွမ်းကျင်သူ ငါးဆယ် စုစုပေါင်း ကျွမ်းကျင်သူတစ်ရာဖြင့် ထိုမှတ်တမ်း ရုပ်ရှင်ကားကို အပြန်ဆုံး စစ်ဆေးရန် ညွှန်ကြားလိုက်သည်။ တရားစစ်ဆေးခြင်းကို ခေတ္တရပ်နားလိုက်သည်။

✿ ✿ ✿

ထို့နောက် ထိုမှတ်တမ်းတင် ကားထုပ်ကို နောက်ဆုံးပေါ် နည်းမျိုးစုံဖြင့် စစ်ဆေးခြင်းအကြောင်း ပြသ၏။ အဖြေမှာ စပါယ်ရှယ်အဖက် အထူးပြုလုပ်ချက်ဖြင့် အတုဖန်တီးထားခြင်း မဟုတ်ကြောင်း၊ မှတ်တမ်းတင် ကားထုပ်အစစ်ဖြစ်ကြောင်း ကျွမ်းကျင်သူအဖွဲ့က ထောက်ခံချက်ပေး၏။ သို့နှင့် တရားရုံးကို ပြန်လည် ဖွင့်လှစ်လိုက်၏။

✿ ✿ ✿

တရားသူကြီးအဖွဲ့ခေါင်းဆောင်နတ်မင်းကြီးသည် ကျွမ်းကျင်သူများ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြား၏ ထိုနောက် -

‘အို - အချင်း မဟူရာ ဆေတန် သင့်အား စွဲဆိုထားသော လူနှင့်လောကကြီးအား ဖျက်ဆီးမှု ကျူးလွန်ရန် ထိုဥပုသ်နေ့ည ဆယ်နာရီအချိန်တွင် လူသားထံ သင်ရောက်ရှိနေကြောင်းနှင့် လူသားအား မြှောက်ပင့်မိတ်ဖွဲ့၍ ကြယ်များ၊ လများ၊ နေများ ဖန်ဆင်းရန် ဖြားယောင်းသွေးဆောင်ခဲ့ကြောင်း ထင်ရှား၏။

mgyoe.com

mgyoe.com


ဤသည်ကို သင် ဝန်ခံပါလော့'

မဟူရာ ဆေတန်မင်းသည် သူ၏ ရှေ့နေကြီးအား လှမ်းကြည့်၏။ ဆေတန်၏ ရှေ့နေကြီးသည် ထိုင်ရာမှ ရုတ်တရက်ထပြီး -

'တရားသူကြီးမင်းများ ခင်ဗျား၊ ကျွန်ုပ်၏ အမှုသည် မဟူရာ ဆေတန်သည် လူသားအား ဖြားယောင်းသွေးဆောင်ခဲ့ခြင်း မဟုတ်ပါ။ မိတ်ဖွဲ့ခြင်းမျှသာ ဖြစ်ကြောင်း လျှောက်ထားအပ်သည်'

တရားလို ရှေ့နေကြီးက -

'တရားသူကြီးများ ခင်ဗျာ၊ ဆေတန်သည် လူသားအား ရိုးသားစွာ မိတ်ဖွဲ့ခြင်းမဟုတ်ဘဲ ကောက်ကျစ်စဉ်းလဲသော အကြံဖြင့် ဖြားယောင်းသွေးဆောင်ရန် ကြိုးစားခဲ့သည်မှာ လယ်ပြင်၌ ဆင်သွားသကဲ့သို့ ထင်ရှားလှကြောင်းပါ ခင်ဗျား'

မဟူရာ ဆေတန်၏ ရှေ့နေကြီးက ချက်ချင်းပင် -

'အင်္ဂကောင်းကင်ဘုံ၌ လယ်ပြင်သော်လည်းကောင်း၊ ဆင်သော်လည်းကောင်း မရှိပါ။ ဥပမာအားဖြင့် စာရေးဆရာ မောင်မိုးသူသည် အနောက်တိုင်းဝတ္ထုများကို မြန်မာပြန်ရာ၌ အနောက်တိုင်းတွင် မဟာဇနက မရှိပါဘဲ စာရေးဆရာ မောင်မိုးသူက 'မဟာဇနကမင်းသား သဘော်ပျက်ကိန်းဆိုက်သကဲ့သို့' ဟု ချာတူးလန် ဘာသာပြန်ခဲ့ပါသည်။ ထိုသို့မရှိသောအရာနှင့် ပုံနှိုင်းခြင်းသည် အင်္ဂကောင်းကင်ဘုံဥပဒေနှင့် မညီညွတ်ပါ။ ထို့ကြောင့် ထိုဥပမာပေးခြင်းကို ကန့်ကွက်ပါသည် ခင်ဗျား'

တရားလိုရှေ့နေကြီးသည် မဟူရာဆေတန်၏ ရှေ့နေကြီးအား အလွန်တရာ ကပ်ဖဲ့စကားဆိုတတ်သည်ဟူသော သဘောဖြင့် မဲ့ရွဲ့ကြည့်ပြီးနောက် မင်းလောက်တော့ အပျော့ပေါ့ဟူသော သဘောနှင့် မထိမဲ့မြင် ပြုံးပြီးနောက်-

'ကောင်းပါပြီ ခင်ဗျား၊ ထိုထက်ထင်ရှားသော ဥပမာကို ပေးပါမည်။ မဟူရာ ဆေတန်မင်း၏ ဇနီးသည် ဤတရားရုံးအတွင်း၌ ကေန်ထင်ရှား ရှိသကဲ့သို့ ဆေတန်သည် လူ့လောကအား ဖျက်ဆီးရန် ကြံစည်ခဲ့ကြောင်းလည်း ထင်ရှားပါသည် တရားသူကြီးမင်းများ ခင်ဗျား'

ထိုအခါ တရားသူကြီးမင်းများနှင့်တကွ ဂျူရီနတ်မင်းကြီးများပါ ပြုံးတော်မူကြ၏။ ထို့နောက် -

'အမှုကို ဆက်လက် မေးမြန်းစေ'

ဟု ညွှန်ကြား၏။ တရားလို ရှေ့နေကြီးက မဟူရာဆေတန်သည် လူ့လောကအား ဖျက်ဆီးရန် မည်ကဲ့သို့ ကောက်ကျစ်ယုတ်မာစွာ ကြံစည်၊ စီစဉ်၊ အကွက်ချ

mgyoe.com

mgyoe.com


ကြိုးစားခဲ့ကြောင်း ရှည်လျားစွာ လျှောက်လဲချက်ပေး၏။ ထို့နောက် ထိုသို့ အလွန်တရာကြီးလေးသော ပြစ်မှုကြီးကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသဖြင့်-

'မဟူရာ ဆေတန်အား နျူကလီးယားပုံးကို ဖင်ခုထိုင်၍ ဆေတန်ကိုယ်တိုင် ပုံးဖောက်ခွဲရေးခလုတ်ကို နှိပ်ပြီး အဆုံးစီရင်သင့်ကြောင်း, လျှောက်ထားလေသည်။

ဂျူရီနတ်မင်းကြီးများသည် ထိတ်ထိတ်ပျာပျာ ဖြစ်ပြီးနောက်-

'တရားသူကြီး နတ်မင်းကြီးများ ခင်ဗျား၊ အဂ္ဂကောင်းကင်ဘုံ နျူကလီးယားပုံးသည် အလွန်မတန် အနန္တသဘောဆောင်သော အဖျက်စွမ်းအား ကြီးမားလှသည့်ပုံး ဖြစ်ပါသောကြောင့် အကယ်၍ မဟူရာ ဆေတန်အား ထိုနည်းဖြင့် သုတ်သင်လျှင် အဂ္ဂကောင်းကင်ဘုံကြီးပါ ပျက်စီးနိုင်ပါသဖြင့် အကယ်၍ ပြစ်မှုထင်ရှားလျှင်ပင် ထိုနည်းကို အသုံးမပြုဘဲ အခြားသင့်လျော်ရာ နည်းကိုသာ အသုံးပြုသင့်ကြောင်း လျှောက်ထားတင်ပြအပ်ပါသည် ခင်ဗျား၊ လိုအပ်လျှင် ခေါင်းဖြတ်စက်တွင် ပေးစေလိုပါသည်'

အဂ္ဂကောင်းကင်ဘုံ တရားသူကြီးများသည် ခေါင်းတညိတ်ညိတ်ပြု၍-

'ဂျူရီနတ်မင်းကြီးများ တင်ပြချက်ကို အသေအချာ မှတ်တမ်းတင်ထားလော့' ဟု ရှေ့ဖတ်စာရေးမ ကောင်းကင်တမန်နတ်သမီးအား ညွှန်ကြား၏။ ရှေ့ဖတ်စာရေးမ နတ်သမီးသည် သူ၏ကွန်ပျူတာ၌ ထင်ရှားမည်းနက်သော စာလုံးကြီးများဖြင့် ဂျူရီနတ်မင်းကြီးတို့၏ တင်ပြချက်ကို မှတ်တမ်းတင်၏။ 'ဘိုးလ်ဒ်လက်တာ' များဖြင့် အထပ်ထပ်ရိုက်နှိပ် မှတ်တမ်းတင်၏။ ဤကိစ္စကို နတ်သမီးသည်လည်း အလွန်တုန်လှုပ် ချောက်ချားလျက်ရှိသဖြင့် လက်များပင် တုန်ယင်နေရှာ၏။ မှတ်တမ်းမှာ နျူကလီးယားပုံးနှင့် အဆုံးစီရင်ခြင်း မပြုရန်' ဟူ၍ ဖြစ်သည်။

သဘာပတိအဖွဲ့ နတ်မင်းကြီးများပင်လျှင် ဆိတ်ဆိတ်နေတော်မူရာမှ တရားလိုရှေ့နေအား -

'အို - ကောင်းကင်တမန်ရှေ့နေကြီး၊ အလွန်အကြူး လျှောက်လဲခြင်း မပြုသင့်ပါပေ' ဟု မိန့်တော်မူရှာလေသည်။

တရားလို ရှေ့နေနတ်မင်းသည် 'မှန်လှပါဘုရား၊ သင့်လျော်သောနည်းဖြင့် သေဒဏ်စီရင်အပ်ကြောင်း လျှောက်လဲအပ်ပါသည်' ဟု ပြောပြီး သူ့နေရာ၌ ထိုင်လိုက်၏။

မဟူရာဆေတန်၏ ရှေ့နေကြီးသည် ဝင့်ကြွားသောဟန်ဖြင့် ထလာကာ တရားလို ရှေ့နေကြီးအား ရယ်သွမ်းသွေးလိုက်၏။ ထို့နောက် ဤသို့ လျှောက်လဲ၏။

mgyoe.com

mgyoe.com

'မြင့်မြတ်လှစွာသော အင်္ဂကောင်းကင်ဘုံ တရားသူကြီးများနှင့် ဉာဏ်ပညာနှင့် ပြည့်စုံမွန်မြတ်ပေသော ဂျူရီနတ်မင်းကြီးများ ခင်ဗျား၊ တစ်ဖက် ရှေ့နေပညာရှိကြီးတင်ပြသော သက်သေခံ ရုပ်ရှင်မှတ်တမ်းသည် စစ်မှန်သော သက်သေအထောက်အထားဖြစ်ကြောင်း ကျွန်ုပ်မငြင်းဆိုလိုပါ။ ကျွန်ုပ်၏ အမှုသည် မဟူရာဆေတန်သည် လူ့ပြည်သို့ ဆင်းသက်ခဲ့ကြောင်းနှင့် လူသားအား မိတ်ဖွဲ့ခဲ့ကြောင်းကိုလည်း ကျွန်ုပ်အနေနှင့် ငြင်းပယ်ခြင်း မပြုပါ'

ထိုအခါ ဆေတန်သည် ရှေ့နေကြီးအား တီးတိုးလေသံဖြင့် 'ကိုယ့်ဆရာ၊ ဘာတွေ လျှောက်ပြောနေတာလဲ။ ကျုပ်တော့ ဒုက္ခရောက်တော့မှာပဲ' ဟု တုန်လှုပ်စွာပြော၏။

မဟူရာ ဆေတန်မင်း၏ ရှေ့နေကြီးသည် ဆေတန်အား ပြုံး၍ လက်ကာပြပြီး ဘာမှမပူနဲ့ဟူသော သဘောကို မျက်နှာအမူအရာဖြင့် ပြ၏။ ထို့နောက် 'မစိုးရိမ်လင့်' ဟု တိုးတိုးပြော၏။

'သို့ရာတွင် ကျွန်ုပ်၏ အမှုသည် မဟူရာ ဆေတန်မင်းကြီးသည် လူသားအား မိတ်ဖွဲ့ပြီးနောက် လူသားပျော်ရွှင်စေရန်သာ ကြိုးစားခဲ့ပါသည်'

ထိုအခါ တရားလို ရှေ့နေကြီးသည် အမြန်ထ၍ -

'ကန့်ကွက်ပါသည်။ ထိုသို့ ကြိုးစားခြင်းမှာ ကောက်ကျစ်သောအကြံနှင့် ဖြစ်ပါသည် ခင်ဗျား။'

ဆေတန်၏ ရှေ့နေကြီးက

'ကျွန်ုပ်ရဲ့လျှောက်လဲချက် မပြီးဆုံးသေးသဖြင့် ကျွန်ုပ်လျှောက်လဲနေစဉ်အတွင်း အနှောင့်အယှက်မပြုရန် တားဆီးပေးပါမည့်အကြောင်း တရားသူကြီးမင်းများအား ရိုသေစွာ လျှောက်ထားအပ်ပါသည်။'

တရားသူကြီးအဖွဲ့က -

'တရားလို ရှေ့နေပညာရှိကြီး ခင်ဗျား။ တစ်ဖက်ရှေ့နေကြီး၏ လျှောက်လဲချက်ကို ကြားဖြတ်၍ မကန့်ကွက်ပါနှင့်ဦး။ တစ်ဖက်ရှေ့နေကြီး လျှောက်လဲချက်ပြီးဆုံးလျှင် သင့်အား ထပ်မံလျှောက် လဲခွင့်ပြုပါမည်'

ဟု မိန့်တော်မူလိုက်သည်။

တရားလို ရှေ့နေကြီး မကျေမနပ်နှင့် ဤသို့တင်ပြ၏။

'တရားသူကြီးမင်းများ ခင်ဗျာ၊ အင်္ဂကောင်းကင်ဘုံ တရားဥပဒေ၊ စစ်ဆေးစီရင်ခြင်းအခန်း၊ ဥပဒေပုဒ်မ သုံးသိန်းခြောက်ရာတစ်၊ ပုဒ်မခွဲ ဃ အရ မည်သို့သော လျှောက်လဲချက်ပင်ဖြစ်စေကာမူ တရားလို သို့မဟုတ် တရားပြိုင် သို့မဟုတ်

mgyoe.com

တရားခံ ရှေ့နေကြီးများအနေဖြင့် တစ်ဖက်ရှေ့နေ၏ လျှောက်လဲချက်အတွင်း ကန့်ကွက်လိုကအကြောင်း ယုတ္တိခိုင်ခံ့စွာဖြင့် ကန့်ကွက်နိုင်ကြောင်း ဖော်ပြပါရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်အားလည်း ထိုအခွင့်အရေးကို ပေးသနားတော်မူပါရန် လေးနက်စွာ လျှောက်ထားအပ်ပါသည် ခင်ဗျား'

တရားသူကြီးများ ခေါင်းချင် ဆိုင်ကြပြန်သည်။ ထို့နောက်-

'တရားလို ရှေ့နေကြီး ခင်ဗျား၊ ခဏ ခဏ ကန့်ကွက်နေခြင်းဖြင့် တရားစီရင်ရေးကို နှောင့်နှေးစေနိုင်သည် ဖြစ်သောကြောင့် အရေးတကြီး ကန့်ကွက်ချက်များကိုသာအကြောင်း ယုတ္တိခိုင်လုံစွာပြ၍ ကန့်ကွက်ပါမည့်အကြောင်း လေးနက်စွာ မေတ္တာရပ်ခံပါသည်'

တရားလို ရှေ့နေကြီးသည် မအီမလည်ဖြင့် သူ့နေရာ၌ ထိုင်လိုက်ရရှာ၏။

'ဆေတန်' ၏ ရှေ့နေကြီးက ဆက်လက် လျှောက်လဲပြန်သည်။

'တရားသူကြီးမင်းများ ခင်ဗျား၊ ယခုကျွန်ုပ် ဆက်လက်တင်ပြမည့် လျှောက်လဲချက်သည် ကျွန်ုပ်၏အမှုသည် မဟူရာ ဆေတန်မင်းကြီးအတွက် အလွန်တရာ အရေးကြီးလှပါသောကြောင့် တစ်လုံးတစ်ပါဒမကျန် မှတ်တမ်းတင်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်'

တရားသူကြီးများက ခေါင်းညိတ်၏။ ရှေ့ဖတ် စာရေးမ နတ်သမီးသည် သူ့တာဝန် အလွန်ကြီးလာသဖြင့် ထိုင်ရာမှ ထကာ-

'တရားသူကြီး နတ်မင်းကြီးများရှင့်၊ တစ်လုံးတစ်ပါဒမျှ မကျန်အောင် မှတ်တမ်းတင်ရန် ကျွန်တော်မျိုးမအတွက် အလွန်တရာကြီးလေးသော တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် ဗီဇယွယ်အော်ဒီယိုစနစ်ဖြင့် အရုပ်အသံဖမ်းယူ မှတ်တမ်းတင်ခွင့်ပြုပါရန် ပန်ကြားအပ်ပါသည်ရှင့်'

တရားသူကြီးမင်းများက သဘောတူ၏။ သို့နှင့် ရုပ်သံအဖွဲ့သည် အဆင်သင့် ပြင်ရ၏။ အဆင်သင့်ဖြစ်ကြောင်း ဆစ်ဂ်နယ်မီးနီကလေး ထွန်းပြလိုက်သည်။ မဟူရာ ဆေတန်၏ ရှေ့နေကြီး ထပ်မံလျှောက်လဲ၏။

'တရားသူကြီးမင်းများနှင့် ဂျူရီ နတ်မင်းကြီးများ ခင်ဗျား အကျွန်ုပ်၏ အမှုသည် ဆေတန်မင်းကြီးသည် လူ့ပြည်ကို သွားရောက်သည်လည်း မှန်၏။ လူသားနှင့် မိတ်ဖွဲ့ခြင်းလည်း မှန်၏။ ထို့နောက် - '

မဟူရာ ဆေတန်မင်းသည် ထိတ်ထိတ်ပျာပျာဖြင့် 'ကိုယ့်ဆရာ ကြည့်လုပ်ပါဦး' ဟု ပြော၏။

ဆေတန်၏ ရှေ့နေကြီးသည် ဆေတန်အား ငြိမ်ငြိမ်နေရန် လက်ရိပ်ပြပြီး

mgyoe.com

mgyoe.com

တိတ်တိတ်နေရန် နှုတ်ခမ်းကို လက်ညှိုးကန့်လန့်ကာ၍ ပြ၏။ ဆေတန်ကြီးသည် သက်ပြင်းချလိုက်ရရှာသည်။ ဆေတန်၏ ရှေ့နေကြီးက -

'ထို့နောက် ကွန်နိုပ်၏ အမှုသည် ဆေတန်မင်းကြီးသည် မည်ကဲ့သို့ဆက်လက်ပြုမူ ဆောင်ရွက်ခဲ့သည်ကို သိသာထင်ရှားရန်အတွက် တစ်ဖက်ရှေ့နေကြီး တင်ပြခဲ့သော မှတ်တမ်းရုပ်ရှင်ကို ပြန်လည် ကြည့်ရှုစစ်ဆေးရန် တစ်ကြိမ် ထပ်မံပြသပါရန် လျှောက်ထား တောင်းပန်အပ်ပါသည်'

မဟူရာ ဆေတန်ကြီးသည် စိတ်ထဲ၌ ဤသို့ ကြုံးဝါး၏။ 'ငါတော့ ဒီရှေ့နေငှားမိတာ မှားပြီ။ ဒီငတို့၊ ငါ့ဆီက ရှေ့နေခလည်း အကြေယူပြီးပြီ။ ခု ငါ့ကို ချောက်ချတော့မည်။ သင်းကို သည်တစ်ခါ တရားရုံးနားလျှင် ငါရှေ့နေအဖြစ်က ပြန်ရုပ်သိမ်းပြီး ငါကိုယ်တိုင်ပဲ လျှောက်လဲတော့မည်။ ဒီငတိကို ငါ့လက်ဖြင့်ပင် လျှာဖြတ်ပစ်အံ့။ လျှာမရှိလျှင် ဒင်း ရှေ့နေလုပ်စား၍ ရတော့မည်မဟုတ်။ သိကြရောပေါ့ကွာ' ဟု ကြံစည်ဆုံးဖြတ်လိုက်၏။

မှတ်တမ်းရုပ်ရှင်ကို ပြန်ပြ၏။ ဆေတန်က လူသားအား ကြယ်ပွင့်များ၊ လများ၊ နေများ ဖန်ဆင်းရန် တိုက်တွန်းကြောင်းများ ပြန်ပေါ်လာ၏။ နေခုနစ်စင်းထွက်လာသော အခန်းသို့ရောက်သောအခါ ဆေတန်၏ ရှေ့နေကြီးက မှတ်တမ်းရုပ်ရှင်ပြခြင်းကို 'ဤမျှဆိုလျှင် လုံလောက်ပါပြီ၊ ရှေ့ဆက်သော အခန်းများမှာ အနိဋ္ဌာရုံများဖြစ်၍ ဆက်လက်ပြသရန် မသင့်တော့ပါ' ဟု အကြံပြု၏။ မှတ်တမ်းရုပ်ရှင်ကားပြသခြင်း ရပ်သွား၏။

(မှတ်တမ်း ရုပ်ရှင်ပြန်ပြနေစဉ်၌ မဟူရာ ဆေတန်က သူ့ရှေ့နေကြီးကို 'ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲဟင်။ ကျုပ်ဆီက ရှေ့နေခ အကြေရပြီးလို့ ခင်ဗျား ကျုပ်ကို ချောက်ချတာလား။ ခင်ဗျားနဲ့ ကျုပ်တွေ့မယ်။ ခင်ဗျား လျှာကို ဖြတ်ပစ်မယ်၊ နားလည်လား' ဟု ပြော၏။ ရှေ့နေကြီးက 'စိတ်အေးအေး ထားစမ်းပါ ဆေတန်ကြီး' ရယ်။ ဒီအမှုမှာ ခင်ဗျား ကွင်းလုံးကျွတ်လွတ်မှာပါ။ ကျုပ်အာမခံပါတယ်။ ငြိမ်ငြိမ်ကလေးသာ နေစမ်းပါ' ဟု အေးအေးဆေးဆေး ပြောပြ၏။ ဆေတန်မင်းသည် ခေါင်းကို တွင်တွင် ကုတ်ပြီး ဆောက်တည်ရာမရ ဖြစ်နေရှာသည်။ စိတ်ထဲကလည်း 'သိမယ်၊ သိမယ်၊ ဒီငတိ ငါ့အကြောင်းသိစေရမယ်။ နောက်ဘဝအထိ မကျေဘူး။ ရန်သူကို လက်စားချေအံ့' ဟု ကြုံးဝါး၏။)

မှတ်တမ်းရုပ်ရှင် ပြန်ပြပြီးနောက် တရားရုံးခန်းမကြီးသည် တဖြည်းဖြည်း ပြန်လည် လင်းလာ၏။

'လေးစားအပ်ပါသော တရားသူကြီးနတ်မင်းများနှင့် ဂျူရီ နတ်မင်းကြီးများ

mgyoe.com

mgyoe.com


ခင်ဗျား၊ ယခု ပြန်လည်ကြည့်ရှုရသော မှတ်တမ်းရုပ်ရှင်ပါ အချက်အလက်များ အရပင် ကျွန်ုပ်၏ အမှုသည် မဟူရာ ဆေတန်မင်းကြီး၌ လုံးဝအပြစ်မရှိကြောင်း လိုရင်းကို ဦးစွာတင်ပြအပ်ပါသည်'

တရားလိုရှေ့နေကြီးက -

'ကန့်ကွက်ပါသည်။ လူနှင့် လူ့လောကကြီးအား ဖျက်ဆီးမှုနှင့် တရားစွဲဆိုခြင်းခံရသော ဆေတန်ဘက်က မည်သို့သော ခိုင်လုံသည့် သက်သေမျှမပြဘဲ အပြစ်မရှိကြောင်း လျှောက်လဲသည်မှာ ဥပဒေနှင့် လုံးဝမညီညွတ်ပါ'

တရားသူကြီးများက -

'ဆေတန်၏ ရှေ့နေကြီးအနေဖြင့် ခိုင်လုံသော သက်သေများရှိလျှင် တင်ပြစေ' မိန့်ကြား၏။

ဆေတန်၏ ရှေ့နေကြီးက -

'ခုန တင်ပြခဲ့သည့် မှတ်တမ်းရုပ်ရှင်သည်ပင် မဟူရာ ဆေတန်မင်း၌ အပြစ်မရှိကြောင်း ခိုင်လုံသည့် သက်သေပင် ဖြစ်ပါသည်'

တရားလိုရှေ့နေကြီး -

'ဘယ်မှာလဲ၊ ဘယ်နေရာမှာ ပါလို့လဲ'

ဆေတန်၏ ရှေ့နေကြီး -

'သေသေချာချာ ပြန်စဉ်းစားပါ ပညာရှိ မိတ်ဆွေကြီး။ သို့ရာတွင် သင့်အား အဖက်လုပ်၍ ပြောနေရန် ကျွန်ုပ်၌ အချိန်မရပါ။ ထို့ကြောင့် တရားရုံးကိုသာ လျှောက်ထားတင်ပြပါမည်။ တရားသူကြီးမင်းများ ခင်ဗျား၊ တင်ပြချက် မှတ်တမ်းရုပ်ရှင်အရ -

(၁) လူ့လောကကြီးကို ဖျက်ဆီးသူမှာ မဟူရာ ဆေတန်မင်းကြီး မဟုတ်ပါ။

(၂) လူသားကိုယ်တိုင် ကြယ်များ၊ လများ၊ နေများ ဖန်ဆင်းခြင်းကြောင့် ပျက်စီးရခြင်း ဖြစ်ပါသည်။

(၃) ဤနေရာ၌ ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းဟူသော ဝေါဟာရများ၏ အနက်အဓိပ္ပာယ်များကို ဖော်ပြရန် လိုအပ်ပါသည်။

(၃-က) ဖန်ဆင်းခြင်းဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ မရှိသော အရာကို ဘာမှမရှိသောနေရာ၌ ရှိလာဖြစ်လာစေရန် ပြုလုပ်ခြင်း ဟူ၍ ဖြစ်ပါသည်။

(၃-ခ) ဖျက်ဆီးခြင်းဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်မှာ ရှိပြီး ဖြစ်သော အရာ၊ ဖန်ဆင်းအပ်ပြီးသောအရာ သို့မဟုတ် နေရာကို

mgyoe.com

ပျောက်ပျက်ဆိတ်သုဉ်းသွားရန် ပြုလုပ်ခြင်း ဟူ၍ ဖြစ်ပါသည်။

(၄) မဟူရာ ဆေတန်မင်းသည် ဖန်ဆင်းခြင်း အတတ်ပညာ၊ နည်းပညာကို ပိုင်ဆိုင်သူ လုံးဝမဟုတ်ပါ။ အထက်အဆိုပါ မဟူရာ ဆေတန်မင်းကြီး၏ စွမ်းရည်မှာ ဖျက်ဆီးပစ်ခြင်း အဆင့်မြင့် နည်းပညာမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် -

ဆေးတန်မင်းသည် ကပန်းကတန်းနှင့် သူ့ရှေ့နေကြီးလက်ကို လှမ်းဆွဲ၍-

'ခင်ဗျား . . . ခင်ဗျား . . . ဘာတွေ လျှောက်ပြော . . .'

ရှေ့နေကြီးသည် ဆေးတန်၏ ပါးစပ်အား လက်ဝါးနှင့် ပိတ်၍ ပြန်ထိုင်ခိုင်းပြီး 'လွတ်တော့မယ်၊ ငြိမ်ငြိမ်နေ၊ ရုပ်တိအပ်ယော် မောက်သ်' ဟု တိုးတိုးပြော၏။

မဟူရာ ဆေတန်မင်းသည် စိတ်အပျက်ကြီးပျက်ပြီး တစ်ကိုယ်တည်း ဤသို့ ညည်းညူ၏။

'သွားပြီ၊ သွားပြီ ရေရေလည်လည် ဂိုးပြီ။ ဂိုးတူသဂျေးလ်အင်ဟီးရီး သည် အက်သ်စဲင်းတင့်စ်၊ အဆိပ်လား၊ လျှပ်စစ်ကုလားထိုင်လား၊ ခေါင်းဖြတ်စက်လား တစ်ခုခုပဲ။ နတ်ပရွှင်မသားရှေ့နေ'

ဆေတန်၏ ရှေ့နေကြီးသည် ဆက်လက်လျှောက်လဲ၏ -

'ထို့ကြောင့် ဖန်ဆင်းနိုင်စွမ်း နည်းပညာကို လုံးဝမတတ်ရှာသော၊ ဖျက်ဆီးနိုင်သည့် အဆင့်မြင့် နည်းပညာကိုသာ ကံမကောင်းအကြောင်းမလှစွာ တတ်မြောက်ခဲ့ရရှာသော ကျွန်ုပ်၏အမှုသည် မဟူရာဆေတန်မင်းသည် လူ့လောကကြီးကို ဖျက်ဆီးခြင်း လုံးဝ(လုံးဝ) မပြုလုပ်ခဲ့ကြောင်း ထင်ရှားလှပါသည် ခင်ဗျား၊ ဂျူရီနတ်မင်းကြီးများ ခင်ဗျား။ ဖန်ဆင်းနိုင်စွမ်းနည်းပညာကို မတတ်မြောက်ရှာသော ကျွန်ုပ်၏ အမှုသည် ဆေတန်သည် ကြယ်များကောင်းကင်ပြည့်နှင့် လများ၊ နေခုနစ်စင်းကို မည်ကဲ့သို့ ဖန်ဆင်းနိုင်ပါအံ့နည်း။ အကယ်စင်စစ် ထိုအမှုကို ကျူးလွန်ခဲ့သူမှာ လူသားကိုယ်တိုင်ပင် ဖြစ်ကြောင်းလည်း ထင်ရှားလှပါ၏။ ထို့အပြင် အင်ဖင်နတီနှစ်၊ ရှစ်လမြောက်လ၊ တတိယပတ် အဖိတ်နေ့၌ ကျင်းပသော နတ်သဘင်အစည်းအဝေး၊ နတ်မင်းကြီးများရှေ့မှောက်၌ မဟူရာ ဆေတန်မင်းကြီးက ထာဝရ ဖန်ဆင်းရှင်သခင် ဘုရားအား ပေးအပ်သော ဝန်ခံကတိစာချုပ်မူရင်း၌-

တရားလိုရှေ့နေကြီးသည် အမြန်ထ၍ -

'တရားသူကြီးမင်းများ ခင်ဗျား၊ ထိုဝံခန်ကတိစာချုပ်သည် မူရင်းအစစ် ဖြစ်ကြောင်း နိုင်လုံသည့် အထောက်အထားတင်ပြရန် တစ်ဖက်ရှေ့နေကြီးအား မေတ္တာ

mgyoe.com

mgyoe.com


ရပ်ခဲ့ပါသည်' ဟု လျှောက်ထား၏။

စာချုပ်ကို တရားသူကြီးများက ယူ၍ မူရင်း ဟုတ်၊ မဟုတ် စစ်ဆေးရန် နတ်တမန်အဖွဲ့ကို စစ်ဆေးစေ၏။ မူရင်းဖြစ်ကြောင်း ထောက်ခံ၏။ ဆေတန်၏ ရှေ့နေကြီးသည် အောင်မြင်သော အပြုံးဖြင့် -

ထို တင်ပြအပ်သော မူရင်းခံဝန်ကတိစာချုပ်၌ ပါဝင်သော အချက်အလက်များကို ရှည်လျားမည်စိုးသဖြင့် အမှုနှင့် အမှန်တကယ် အကျုံးဝင်သော အပိုဒ် (၄) ကိုသာ ဖတ်ကြားပြပါရစေ။

အင်ဖင်နတီ (α)နှစ်၊ ၈ လ၊ တတိယအဖိတ်နေ့ နေ့ခွဲပါ မဟူရာဆေတန်မင်းက ထာဝရ ဖန်ဆင်းရှင်သခင် ဘုရားထံ ပေးအပ်သော ခံဝန်ကတိစာချုပ်ပါ ...

အပိုဒ် (၄) အပိုဒ်ခွဲ (၁)

အကျွန်ုပ် မဟူရာ ဆေတန်မင်းကြီးသည် ထာဝရ ဖန်ဆင်းရှင်သခင် ဖန်ဆင်းတော်မူအပ်ပြီးဖြစ်သော လူနှင့် လူ့လောကကြီးအား ဖျက်ဆီးမှုကို ယနေ့မှစ၍ မပြုလုပ်တော့ပါကြောင်း၊ ထို့အပြင် မိမိ၏ ဖျက်ဆီးနိုင်စွမ်းသော မဟာအဆင့်မြင့် နည်းပညာကို အပြီးတိုင် လုံးဝ စွန့်လွှတ်လိုက်ပါကြောင်းဖြင့် အောက်ပါ ကောင်းကင်တမန်သက်သေများရှေ့မှောက်၌ ခံဝန်ကတိစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပါသည်။ ဤသို့ လက်မှတ်ရေးထိုးခြင်းမှာ မည်သူတစ်စုံ တစ်ယောက်၏ တိုက်တွန်းချက်၊ နှိုးဆော်ချက်၊ ဖြားယောင်း သွေးဆောင်ချက်၊ ခြိမ်းခြောက်ချက်များမှု မပါရှိပါ။ မိမိ၏လွတ်လပ်သော သဘောဆန္ဒအလျောက်သာ လက်မှတ်ရေးထိုးခြင်း ဖြစ်ပါကြောင်း။

ပုံ
မဟူရာ ဆေတန်မင်း
မှတ်ပုံတင်အမှတ် - ကကဘ/(ဝ)သုညအနန္တ-၂။
အမှတ်-၁၊ ဆေတန်လမ်း၊ ဆေတန်ရပ်ကွက်၊ ဆေတန်မြို့၊
မဟူရာ ဆေတန်နိုင်ငံတော်၊ အဂ္ဂကောင်းကင်ဘုံ။
အီးမေးလ် ; မာရ်. မရ်@မရမေးလ်. နက်. ကကဘ. အဂ္ဂ
တယ်လီဖုန်း ; α ၀.α ၀၂
ဖက်စ် ; α ၀.α ၀၂. ၁

တရားသူကြီးမင်းများ ခင်ဗျား၊ ယခုဖော်ပြလျှောက်ထားချက်အရ ဆေတန်မင်းသည် နတ်မင်းကြီးများ ရှေ့မှောက်၌ ဝန်ခံကတိပြုထားသည့် အားလျော်စွာ

mgyoe.com

mgyoe.com

ကတိတည်စွာဖြင့် လောကကြီးအား ဖျက်ဆီးမှုကို လုံး၀(လုံး၀) မပြုလုပ်ခဲ့ကြောင်းသည်လည်း မှတ်တမ်းရုပ်ရှင်အရ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။ နောက်ထပ်စဉ်းစား ဆင်ခြင်ရန် အချက်တစ်ချက်ကိုတင်ပြ . . .'

တရားလိုရှေ့နေကြီးက -

'အကြီးအကျယ် ကန့်ကွက်ပါသည် နတ်မင်းကြီးများ ခင်ဗျား။ တစ်ဖက်ပညာရှိ ရှေ့နေကြီးသည် အပြစ်မှန်သမျှ လူသားအပေါ်၌ပုံချရန် ကြိုးစားနေပါသည်။ ဟန့်တား ပေးတော်မူကြပါ။ အမှန်တကယ် အခင်းအမှု ဖြစ်ပျက်ခဲ့ရာ၌ . . .'

ဆေတန်၏ ရှေ့နေကြီးသည် စကားဖြတ်၍ ဝင်၏။

'တရားသူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်၏ လျှောက်လဲချက် ပြီးပြည့်စုံခြင်း မရှိသေးပါ။ တစ်ဖက်ရှေ့နေကြီးအနေဖြင့် ဤကဲ့သို့ ဝင်ရောက်ဟန့်တားပိုင်ခွင့်မရှိကြောင်း ကောင်းကင်ဘုံ စစ် ဆေး စီ ရင် ခြင်း ဥပဒေအခန်း ၆၀၀၀၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၌ အတိအလင်း ဖော်ပြထားပါသည်'

တရားသူကြီးများက တရားလိုရှေ့နေကြီးအား လက်ဟန်ဖြင့် ထိုင်ခိုင်း၏။ တရားလိုရှေ့နေကြီး စိတ်ပျက်လက်ပျက်ဖြင့် တစ်ကိုယ်တည်း ဤသို့ ညည်းညူရှာလေ၏။ 'သွားပြီ၊ သွားပြီ ဒီအမှုတော့ ရေစုန်မျောပြီ။ ဒီနတ်မရွှင်မသား နတ်လည် နတ်ရုပ်တွေကြောင့် မဟူရာ ဆေတန်ယုတ်အမှုက လွတ်တော့မှာပဲ။ ဒုက္ခ၊ ဒုက္ခ၊ လူသား ဆိုတဲ့အကောင်ကလည်း ဒီလောက်တောင် စဉ်းစားဆင်ခြင် ဉာဏ်နည်းပြီး မိုက်တွင်းနက်ရသလားကွာ။ 'အင်း . . . သံကို သံဖျက် သံချေးတက်၊ ဝါးကို ဖျက်၊ ဝါးမျက်' တဲ့။ ဘယ်သူမပြု မိမိမှုဖြစ်တော့မှာပဲ။ ဖြစ်ပြန် ပျက်ပြန် လောကဓံပါတကား'

ဆေတန်မင်း၏ ရှေ့နေကြီးသည် ဆက်လက်လျှောက်လဲ၏။

'တရားသူကြီးမင်းနှင့် ဂျူရီနတ်မင်းကြီးများ၏ အလွန်တရာ တန်ဖိုးရှိလှသောအချိန်များကို အလဟဿဖြုန်းတီးခြင်းမျိုး မဖြစ်စေရန် ကျွန်ုပ်၏ လျှောက်လဲချက်ကို အကျဉ်းချုပ်သာ တင်ပြအပ်ပါသည်။ အယက်အဆိုပါ လူ့လောကကြီးပျက်သုဉ်းသည့် အမှုအခင်းကြီး မဖြစ်ပွားမီ ဆယ်မိနစ်ခန့်မျှအလို၊ အထက် အဆိုပါ ဥပုသ်နေ့ ညသန်းခေါင် ၂၄း၀၀ နာရီမတိုင်မီ၊ ၂၃း၅၀ နာရီအထိ လူသားနှင့် မဟူရာ ဆေတန်တို့ အတူတကွ ရှိနေခဲ့သည်မှာ အမှန်ပင်ဖြစ်ငြားသော်လည်း လောကကြီး အမှန်တကယ် ပေါက်ကွဲပျက်စီးသည့် အထက်အဆိုပါ ဥပုသ်အကုန်လပြည့်ကျော် ၁ နေ့အကူး နံနက် ၀၀း၁၀ နာရီအချိန်၌ ကျွန်ုပ်၏ အမှုသည်

mgyoe.com

mgyoe.com


မဟူရာ ဆေတန်မင်းသည် အလွန်ပြင်းစွာသော လျှက်မြန်မှု အရှိန်အဟုန်ဖြင့် ၄င်းနေထိုင်ရာ ဆေတန်ဗိမာန်သို့ ပြန်လည်ရောက်ရှိနေပြီ ဖြစ်ပါသည်။ ကောင်းကင်ဘုံ ဥပဒေရာဇဝတ်ပြစ်မှုဆိုင်ရာ ကျင့်ထုံး၊ ရာဇသတ်ကြီး ပုဒ်မ သုံးထောင့်လေးရာ၊ သက်သာခွင့်ပြုမှု ဥပဒေပုဒ်မ ရှစ်ထောင့် ခြောက်၊ ပုဒ်မခွဲ (က)အရ အလီဘိုင် ပြသခွင့်ရှိနေပါသည်။ အခင်းဖြစ်ပွားရာ အချိန်၌ ကွန်ုပ်၏ အမှုသည် မဟူရာ ဆေတန်မင်းသည် လူ့လောက၌ လုံးဝ(လုံးဝ) ရှိနေခြင်း မဟုတ်ကြောင်း သက်သေခံ အမှတ် (၁) မှတ်တမ်းရုပ်ရှင်က ဖော်ပြသက်သေခံပြီး ဖြစ်ပါသည်။ ကြယ်အသစ်များ၊ နေအသစ်များ၊ လအသစ်များကို ဖန်ဆင်းသူမှာလည်း ဆေတန်မင်း မဟုတ်မူဘဲ လူသားကိုယ်တိုင် ဖန်ဆင်းခြင်း ဖြစ်ကြောင်းလည်း ထိုသက်သေခံ မှတ်တမ်းတင်ကပင် ပီသရှင်းလင်းစွာ ဖော်ပြသက်သေခံပြီး ဖြစ်ပါသည်။ ထို့ကြောင့် (လည်ချောင်း ရှင်း၏။ အဟမ်း . . . အဟမ်း) ကွန်ုပ်၏အမှုသည် မဟူရာဆေတန်မင်းအား စွဲဆိုထားသော (ပုဒ်မ ၃၀၀၂၊ က၊ ခ၊ ဂ) လူ့လောကကြီးအား ဖျက်ဆီးမှုကြီးကို အမှုမှုပယ်၍ မဟူရာ ဆေတန်မင်းကြီးအား အပြီးပြတ် တရားသေလွှတ်သင့်ပါကြောင်း နိဂုံးချုပ်အနေဖြင့် လျှောက်ထား တင်ပြအပ်ပါသည်။ သဘာပတိ နတ်မင်းကြီးများအဖွဲ့နှင့်တကွ ကောင်းကင်ဘုံ တရားသူကြီးများ၊ ဂျူရီနတ်မင်းကြီးများနှင့် ကြွရောက် နားထောင်ကြကုန်ပေသော ကောင်းကင်တမန်အားလုံးကို ကွန်ုပ်အနေဖြင့် အထူးရိုသေနှိမ့်ချ ဂါဝရပြုရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျား . . . အာမင်။ ဟိုင်း ဟစ်တလာ။ အဲ ဆေတန်'

မဟူရာ ဆေတန်၏ ရှေ့နေကြီးသည် ဂျာမန်နာဇီတို့၏ဟန်ဖြင့် လက်ကို ဆန့်တန်း၍ ရင်ခေါင်းသံဖြင့် အော်ဟစ်ကြုံးဝါးပြီးနောက် ရင်ကိုကော့၍ မတ်မတ်ကြီးလျှောက်ကာ မိမိနေရာ၌ ဟန်ပါပါ ထိုင်ချလိုက်သည်။

မဟူရာဆေတန်၏ ဘက်တော်သား ဆေတန်များသည် ပေား မဟူရာ၊ ဟိုင်း ဆေတန် စသဖြင့် တစ်ခဲနက် သံပြိုင်ကြီးများ အော်ဟစ်ပြီးသကာလ လက်ခုပ်သြဘာကို ဘဝင်ညံမျှ တီးကြလေကုန်သတည်း။ တရားစီရင်ရေး ခန်းမကြီးသည် တုန်ဟည်းသွားသဖြင့် ကောင်းကင်တရားသူကြီးများက ထိုသြဘာသံများ၊ လက်ခုပ်သံများ ရပ်ဆိုင်းကြရန် လက်အခါခါပြ၍ တားကြရရှာလေသည်။ ဆေတန်၏ ဘက်တော်သားများ ငြိမ်သွားသောအခါမှ တရားလိုရှေ့နေကြီးသည် အတန်တန် အားတင်းပြီး တရားခွင်၌ မတ်တတ် ထရပ်လိုက်၏။ ထို့နောက် ဤသို့ အစချီ၍ လျှောက်လဲ၏။

'အလွန်တရာ ပြင့်မြတ်တော်မူလှသော သဘာပတိကြီးများနှင့်တကွ အင်္ဂ

mgyoe.com